# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝါဒ(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၃၀၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်(ရန်ကုန်)၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့ သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



## ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)နှင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့ သွားရောက်၍ ခင်းကျင်းပြသထားရှိမှုများနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



❑ *ရှေ့ဖုံးမှ*

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ် အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့် မော်တော်ယာဉ်ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှု၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မှတ်တမ်းဓာတ်ပုံများနှင့် ပုံတူပန်းချီကားများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တု၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသား ဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဧည့်ခန်း၊ အထူးအစည်းအဝေးခန်း၊ အိပ်ခန်း၊ စာကြည့်တိုက်တို့အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏ သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့် စာအုပ်များအားစိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားသည့် ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးလိုင်းများ သွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ဗိုလ်ချုပ်၏ မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှုရှိအောင် ပြန်လည်ဆောင်ရွက် ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များ မရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်းရှိ ရေကန်၊ ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ပျိုးခဲ့သည့် သီးပင်စားပင်စိုက်ခင်းနေရာပြကွက်နှင့် ပြတိုက်ပတ်လမ်းအတိုင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကန်၏ ပုံသဏ္ဌာန်အမှန်ကို ပြန်လည်ဖော်ထုတ်လေ့လာ၍ နဂိုမူလပုံစံမပျက် ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်သို့ လာရောက်လေ့လာသူများကိုလည်း စနစ်တကျ စာရင်းသွင်းထားရှိရန်လိုပြီး ထူးခြားသည့်ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့် လာရောက်သူများအတွက် သင့်လျော်သည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သွားရန်လိုကြောင်း မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ်၊ မေလမှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်းအားလပ်ချိန်တွင် စိုက်ပျိုးသော စိုက်ခင်း ၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့အား ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် သတ်မှတ်ချိန်များအတွင်း အခမဲ့လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ဝင်းအတွင်းရှိ ပြတိုက်ပတ်လမ်းအတိုင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ လိုက်ပါ၍

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း ခင်းကျင်းပြသထားသည်များကို လိုက်လံကြည့်ရှုစဉ်။

**◆ သမိုင်းကြောင်းကို ဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့် စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများ အသုံးပြု၍ ယခုထက် ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ခင်းကျင်း ပြသသွားရန်လို၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထိုးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေးဆောင်ရွက်သွားရန်လို၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ယခင်ခေတ်က အသုံးပြုခဲ့သည့် ပုံစံများအတိုင်း ဖြစ်စေရေးဆောင်ရွက်**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံအတွင်းရှိ တရားခွင်များကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံသို့ ရောက်ရှိကြပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သမိုင်းကြောင်းကို ဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့် စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများ အသုံးပြု၍ ယခုထက်ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ခင်းကျင်း ပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထုံးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ယခင်ခေတ်ကအသုံးပြုခဲ့သည့် ပုံစံများအတိုင်းဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးများရုံး အဆောက်အအုံအတွင်း လှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအား ပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများ ပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့်အဆောက်အအုံ ထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

- ❖ **ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သဖြင့် မူလလက်ရာ မပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လို**
- ❖ **ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များလုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ထိုခေတ်တွင် မီခဲ့သည့် သတင်းစာဆရာကြီးများ၊ စာရေးဆရာများအား လိုက်လံမေးမြန်း၍ တစ်ပုံစံတည်းဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံ၏ အချို့နေရာများ၌ နိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

### ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြပြီး အဆောက်အအုံအတွင်းရှိ ရုံးခန်းများ၊ စာကြည့်တိုက်၊ တရားခွင်များနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ပြတိုက်အတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၄ ရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

## အမြန်လမ်းမကြီးအား လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်နိုင်ရေး စီမံချက်ရေးဆွဲ

နေပြည်တော် ဩဂုတ် ၄

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။**

ထိုသို့စစ်ဆေးရာတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၉၄ နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် အမြန်လမ်းမကြီးရှိ ဆောက်လုပ်ရေးရိပ်သာသို့ ခေတ္တရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ်ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ ၂ တန်း (သို့မဟုတ်) ၃ တန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ၅ ကေ/၁၀ ကေခန့် ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်း၊ အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိ တရားမဝင်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အခြားတရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်လမ်းမကြီးဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမြန်လမ်းမပေါ်သို့တက်ရောက်ရန်အတွက် တရားမဝင်လမ်းများ ဖောက်လုပ်ထားရှိမှု မရှိစေရေးနှင့် အမြန်လမ်းမပေါ်တက်ရောက်မည့် သတ်မှတ်ထားသည့် လမ်းများကိုလည်း အမြန်လမ်းမကြီး ဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖောက်လုပ်ရေးအတွက်လည်း ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**❝ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များ စိုက်ပျိုးသွားရန်နှင့် ၅ ကေ/၁၀ ကေခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုး၊ အမြန်လမ်းမကြီး ဘေးတစ်လျှောက်ရှိ တရားမဝင်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အခြားတရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်လမ်းမကြီး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက် ❞**

**❏ အမြန်လမ်းမပေါ်သို့တက်ရောက်ရန်အတွက် တရားမဝင်လမ်းများ ဖောက်လုပ်ထားရှိမှုမရှိစေရေးနှင့် အမြန်လမ်းမပေါ်တက်ရောက်မည့် သတ်မှတ်ထားသည့် လမ်းများကိုလည်း အမြန်လမ်းမကြီးဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖောက်လုပ်ရေးအတွက်လည်း ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဆက်လက်ထွက်ခွာလာကြပြီး ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ ဆွာချောင်း ကမ်းထိန်းလုပ်ငန်းများနှင့် ရေလမ်းကြောင်း ကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှုကို တွေ့ရစဉ်။

# နိုင်ငံတော် ရှေ့သို့ဖို့၊ ဖွံ့ဖြိုးဖို့၊ သာယာဖို့ ...
# ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆက်စပ်စို့

မိုးမြင့်

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံ့ကုန်ထုတ်စွမ်းအားကိုမြှင့်တင်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် စွမ်းဆောင်နိုင်မှသာ ဖြစ်နိုင်ပါမည်။ နိုင်ငံတိုးတက်မှုကို ရှာလိုလျှင် ပညာရေးကဏ္ဍကို လုံးဝဖယ်ထား၍မရ။ နိုင်ငံကို တိုးတက်မှုလမ်းကြောင်းမှ ဖယ်ချွာစေသည့် အတားအဆီးများစွာ၊ ကုန်ထုတ်စွမ်းအားကို အဟန့်အတားဖြစ်စေသည့် အကြောင်းတရားများစွာ ရှိနေပါသည်။ ထိုအထဲမှ သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာ မထိန်းသိမ်းနိုင်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့ ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်အဆက်အစပ်တစ်ခုကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးခေါင်းစဉ်အောက်မှ ဒုတိယစာမျက်နှာသစ်တစ်ခု၏ Slogan တစ်ခုနှင့်အတူ ပြောင်းလဲဖွင့်လှစ်လာသည်ကို တွေ့မြင်ရသည့်အခါ......။**

### အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်သည့်တိုက်တွန်းမှုများ

ကြွေးကြော်သံအဖြစ်လည်း ယူ၍ရသည်။ တိုက်တွန်းလှုံ့ဆော်ချက်များ၊ မျှော်မှန်းချက်များ ပါနေသည်ကိုလည်း သတိပြုမိသည်။ **"နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဟူသော ဆောင်ပုဒ်များမှာ လှုံ့ဆော်တိုက်တွန်းမှု၊ လမ်းညွှန်ချက်နှင့် မျှော်မှန်းချက်များ ပါနေသည်ကို သတိပြုမိသည်။

အခြေအနေအချိန်အခါအရလည်း မှန်ပါသည်။ ဖြစ်လည်းဖြစ်သင့်သည်။ တိုးတက်မှုများ ရှိနေသော်လည်း လိုအပ်ချက်များ ရှိနေဆဲကို လှစ်ပြနေသည်။ နိုင်ငံအနေဖြင့် သာမန်မဟုတ်သည့် အခြေအနေများအောက်တွင် ဖိအားများ၊ အခက်အခဲအကျပ်အတည်းများစွာနှင့် ရုန်းကန်ရင်ဆိုင်ခဲ့ရသည်။ အားနည်းချက်များကို သင်ခန်းစာယူ၍ တိုးတက်မှုအောင်မြင်မှုများဆုပ်ကိုင်ကာ ဒုတိယအဆင့် Second phase သို့ တစ်ဆင့်လှမ်းချီတက်နေသည်။ အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်လုပ်ကိုင်ခဲ့ကြပြီး လုပ်ငန်းများ ပုံမှန်ယန္တရားဖြင့် လည်ပတ်နေပြီဖြစ်၍လည်း တည်ငြိမ်မှုလမ်းကြောင်းမှာ ရပ်တည်နိုင်ခြင်းဖြစ်သည်။

ဒုတိယစာမျက်နှာ၏ ဦးတည်ချက် ၄ ရပ်တွင် ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး အကြောင်းကောင်းများ ဖန်တီးပေးရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စက်မှုကဏ္ဍနှင့် ပညာရေးနှင့်ကျန်းမာရေးတို့ကို အထူးအလေးပေးထားသည်ကိုတွေ့ရသည်။ နိုင်ငံအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်အောက်မှာ နိုင်ငံရေးစနစ်တည်ငြိမ်မှုနှင့် စီးပွားရေးကောင်းမွန်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများကောင်းမွန်ရန် လိုအပ်သည်ဆိုသောအချက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် ဦးတည်ချက်ကောင်းများအဖြစ်မြင်မိပါသည်။

သို့သော် မြန်မာနိုင်ငံ၌ ကမ္ဘာ့နိုင်ငံအများစု စိန်ခေါ်ချက်များနည်းတူ ကိုဗစ်၊ မိုခါ၊ ရာဂီ၊ မန္တလေးငလျင်ဆိုသော ကပ်ဘေးဆိုးကြီးများကို ဆိုးဆိုးရွားရွားရင်ဆိုင်ခဲ့ရ၍ ဖွံ့ဖြိုးမှုလမ်းကြောင်းမှာ အတိုင်းအတာတစ်ခုအထိ နှောင့်နှေးနေရသည်ကိုလည်း သတိပြုရန်လိုပါသည်။ သဘာဝဘေးကြီးများဖြစ်ပေါ်ရသည့် အကြောင်းတရားများစွာအနက် အချို့ကာကွယ်နိုင်သည်များကို ကာကွယ်ရန် လိုအပ်သည်။ ထို့ကြောင့် ကျွန်တော်တို့၏ သဘာဝပတ်ဝန်းကျင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကို ထပ်ဆင့်၍ ရေတို၊ ရေရှည် မျှော်မှန်းချက်များအဖြစ် ပုံဖော်ထားသည်ကို မြင်နိုင်ပါသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်ဟူသော ထိုအချက်သုံးချက်ကို တစ်မျိုးသားလုံး၏ အမျိုးသားရေးကြွေးကြော်သံ၊ အမျိုးသားအကျိုးစီးပွားကို ထင်ဟပ်သည့် တိုက်တွန်းချက်များအဖြစ် ယူဆမိပါသည်။

> ❖ **ပညာရေးမှရလာသည့် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်နိုင်စွမ်း၊ သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းများကလည်း ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတွင် များစွာအထောက်အကူပြုသော အရည်အချင်းများဖြစ်သည်ကို တွေ့ရ၊ ထိုကဲ့သို့ အခြေအနေများကို GDP တိုးတက်မှုနှင့် ပညာရေးဆက်စပ်မှုကို OECD ကဲ့သို့ ချမ်းသာသောနိုင်ငံများတွင်လည်းကောင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း၊ ကျွမ်းကျင်မှုနှင့် လုပ်သားဈေးကွက်မကိုက်ခြင်းနှင့် ဦးနှောက်ယိုစီးမှုပြဿနာများကြောင့် စီးပွားရေးတန့်ပြီး ဆင်းရဲချမ်းသာမညီမျှမှုဖြစ်နေခြင်းများကို ပညာရေးအားနည်းပြီး ဆင်းရဲသောနိုင်ငံများတွင်လည်းကောင်း ဥပမာထားလေ့လာနိုင်**

### မြေကြီးမှရှေ့သီးမည်အမှန်မှာ

ဖွံ့ဖြိုးမှုလမ်းကြောင်းတွင် ရပ်တည်နိုင်ရေးအတွက် စီးပွားရေးကောင်းမွန်ပြီး နိုင်ငံရေးတည်ငြိမ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ စီးပွားရေးသည် စိုက်ပျိုးမွေးမြူရေးအပေါ်တွင် အခြေခံသည်။ စိုက်ပျိုးမွေးမြူရေး၏ အဓိက လူ့စွမ်းအားအရင်းအမြစ်မှာ ၇၀ % သော ကျေးလက်နေပြည်သူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများကို အားပေးခြင်းသည် သူတို့၏ လူမှုစီးပွားဘဝများကို မြှင့်တင်ရာရောက်သည့်အပြင် ဆင်းရဲမွဲတေမှုနှုန်းကိုလည်း လျှော့ချရာ ရောက်ပါသည်။

စပါးနှင့် ဆီထွက်သီးနှံအပြင် ဒေသနှင့် ကိုက်ညီပြီး အကျိုးအမြတ် သေချာခိုင်မာသည့် ဂျုံ၊ ဝါ နှင့် ဝါးကိုပါ တိုးချဲ့စိုက်ပျိုးရန် တွန်းအားပေးလာသည်ကို တွေ့ရသည်။ အမှန်တကယ်လည်း ဂျုံစားသုံးခြင်း အထူးသဖြင့် ဂျုံကြမ်း၊ ဂျုံညိုနှင့် ဂလူတန်မပါသော ဂျုံမှုန့်နှင့်လုပ်ထားသည့်မုန့်များက ဆန်ထက်ပို၍ အာဟာရလည်းပြည့်ဝသလို ကျန်းမာရေးအတွက်လည်း သင့်တော်သည်ဟုဆိုပါသည်။ ဝါကို စိုက်ပျိုးဧကတိုးချဲ့ပြီး ပန်းတိုင်အထွက်နှုန်းထွက်အောင် စိုက်ပျိုးခြင်းဖြင့် ဝါအခြေခံအထည်အလိပ်၊ ချည်ထည်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ရှေ့စိမ်းဟုပင် တင်စားလောက်သည့် ဝါးကို တိုးမြှင့်စိုက်ပျိုးခြင်းဖြင့်လည်း ဝါးအခြေခံလက်မှုပစ္စည်း၊ ပရိဘောဂ၊ မျှစ်ချဉ်၊ မျှစ်ခြောက်မှသည် ပြည်ပဈေးကွက်ဝင် တန်ဖိုးမြှင့်ပစ္စည်းများအထိပါ တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ အဓိက ဝါးကို တိုးချဲ့စိုက်ခြင်းဖြင့် ပြည်တွင်းစက္ကူလိုအပ်ချက်မှသည် ပြည်တွင်းဖူလုံမှုအခြေအနေသို့ ရောက်ရှိရေးဖြစ်သည်။ စိုက်ပျိုးရေးကို တွန်းအားပေးသကဲ့သို့ မွေးမြူရေးကိုလည်း အားပေးဆောင်ရွက်နေသည်များ ရှိသည်။ အထူးသဖြင့် နိုင်ငံရေမြေသဘာဝနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးများ တိုးချဲ့မွေးမြူခြင်းဖြင့် ပြည်တွင်းဖူလုံမှုအပြင် ပြည်ပဝင်ငွေတိုးတက်ရရှိရေးအတွက်ပါ အခြေအနေကောင်းများ ဖန်တီးပေးရန် ဖြစ်ပါသည်။

သို့သော် နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ထိထိရောက်ရောက် တိုးတက်စေချင်လျှင် အချို့သော အခြေအနေများကို အမြဲဆန်းစစ်နေရမည်ကို သတိပြုသင့်ပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုး စသည်တို့၏ လိုအပ်ချက်နှင့် သုံးစွဲမှုကို ဆန်းစစ်၍ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအပြင် သွင်းအားစုဈေးနှုန်းများကိုပါ ထိန်းညှိပေးနိုင်ရန်ဖြစ်ပါသည်။

လယ်ယာသုံးစက်ပစ္စည်းများကို လိုအပ်သည့် တောင်သူများ လက်လှမ်းမီရရှိနိုင်ရေးလည်း ပါဝင်သည်။ ထို့ပြင် နိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးကလည်း အရေးကြီးသည့်အပြင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များရရှိရန်နှင့် တောင်သူများအနေဖြင့် ဓာတုဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်ရန်လည်း လိုပြန်သည်။ နောက်ဆုံးတွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံများဈေးကောင်းရရှိရေးပင်ဖြစ်သည်။ မွေးမြူရေးအပိုင်းတွင်လည်း တောင်သူများ လက်လှမ်းမီမွေးမြူနိုင်ရေးမှသည် အသား၊ နို့၊ ဥများ ပိုမိုထွက်ရှိနိုင်ရေး ခေတ်မီနည်းပညာဆန်းသစ်မှုများနှင့် လုပ်သားအင်အားနှင့် သွင်းအားစုများအခြေအနေအပေါ်မူတည်၍ လိုအပ်ပါက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာနိုင်ပါသည်။ အနှစ်သာရမှာ ဖူလုံမှုမှသည် ပြည်ပပို့ကုန်အဖြစ်၊ အရေအတွက်မှသည် အရည်အသွေးဆီ၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမှ ပြည်ပရောင်းကုန်အဖြစ်သို့၊ လိုငွေမှသည်ပိုငွေသို့ ရောက်ရှိလာရန်ဖြစ်ပြီး သို့မှသာ မြေကြီးမှ ရှေ့သီးသည်အဖြစ်သို့ အမှန်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

### နိုင်ငံဖွံ့ဖြိုးရေးကို ပညာရေးက ဘယ်လိုမောင်းနှင်နေပါသလဲ

နောက်ထပ်မျှော်မှန်းချက်တစ်ခုမှာ ပညာရေးနှင့်စီးပွားရေးဆက်စပ်နေမှုကြောင့် ပညာရေးကို မြှင့်တင်ပြီး နိုင်ငံဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်နေရန်ဖြစ်သည်။ ပညာရေးကဏ္ဍသည် ကုန်ထုတ်လုပ်မှုအခြေခံအုတ်မြစ်ဖြစ်သည့် လုပ်ငန်းကျွမ်းကျင်မှု၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသည့်အတွက် တိုင်းပြည်၏ စီးပွားရေးမောင်းနှင်အားများထဲတွင် ပညာရေးကို မထည့်သွင်း၍ မရပါ။ ပညာရေးသည် ကုန်ထုတ်လုပ်မှုအပေါ် များစွာသက်ရောက်မှုရှိပါသည်။ စွမ်းဆောင်ရည် (Efficiency) ပြည့်ဝပြီး အလိုက်သင့်ပြောင်းလဲနိုင်စွမ်း (Adaptability) နှင့် တီထွင်ဆန်းသစ်မှု (Innovation) အရည်အချင်းများသည် ပညာပြည့်ဝမှုအပေါ် မူတည်သည်ကို တောင်ကိုရီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို မြင်ကြည့်၍ရသည်။ စီးပွားရေးတိုးတက်သည့် နိုင်ငံများတွင် အဆင့်မြင့်ပညာရေးနှင့် အနာဂတ်အလုပ်ခွင်အတွက် တိုက်ရိုက်နှင့်လက်တွေ့အသုံးချနိုင်သည့် အခြေခံ အသက်မွေးဝမ်းကျောင်းပညာရေး (Vocational training) အပေါ် အားထားကြသည်ကို လေ့လာမိသည်။

ထို့ပြင် ပညာရေးမှရလာသည့် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်နိုင်စွမ်း၊ သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းများကလည်း ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတွင် များစွာအထောက်အကူပြုသော အရည်အချင်းများဖြစ်သည်ကို တွေ့ရသည်။ ထိုကဲ့သို့ အခြေအနေများကို GDP တိုးတက်မှုနှင့် ပညာရေးဆက်စပ်မှုကို OECD ကဲ့သို့ ချမ်းသာသောနိုင်ငံများတွင်လည်းကောင်း၊ ထုတ်လုပ်မှုကျဆင်းခြင်း၊ ကျွမ်းကျင်မှုနှင့် လုပ်သားဈေးကွက်မကိုက်ခြင်းနှင့် ဦးနှောက်ယိုစီးမှုပြဿနာများကြောင့် စီးပွားရေးတန့်ပြီး ဆင်းရဲချမ်းသာမညီမျှမှု ဖြစ်နေခြင်းများကို ပညာရေးအားနည်းပြီး ဆင်းရဲသောနိုင်ငံများတွင် လည်းကောင်း ဥပမာထား လေ့လာနိုင်ပါသည်။

ကျွန်တော်တို့ နိုင်ငံအစိုးရအနေဖြင့်လည်း ပညာရေးကို အထူးတန်ဖိုးထားလေးစားကာ လူငယ်များကို အတန်းပညာ၊ အခြေခံပညာတတ်များဖြစ်အောင်၊ ပညာရှင်များဖြစ်အောင် မြေတောင်မြှောက်ပေးလျက်ရှိပါသည်။ ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေလည်း ရှိနေပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတည်ရှိရာ ကျေးလက်နေပြည်သူများအတွက် ဦးတည်သည့် ပညာရေး ရင်းနှီးမြှုပ်နှံမှုက မြို့ပြကျေးလက်မညီမျှမှုကို လျှော့ချပြီး ဆင်းရဲမွဲတေမှုပါ လျော့ပါးသွားစေကြောင်းလည်း သိရှိထားပါသည်။

ယခုအခါ အခြေခံပညာအဆင့် ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး KG + 9 အထိ မသင်မနေရပညာရေးကို အားထည့်ဆောင်ရွက်နေသည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆောင်ပုဒ်ဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို အလေးထားဆောင်ရွက်နေသည်။ အနာဂတ်ပညာတတ်များ တိုးပွားလာရန် ရည်ရွယ်၍ Polytechnic University ၈ ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း ၈၆ ကျောင်း

*စာမျက်နှာ ၇ သို့*

# ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၁ / ၂၀၂၅ )
၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၁ ရက်
( ၂၀၂၅ ခုနှစ် ၊ ဩဂုတ်လ ၄ ရက် )

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ် (၄၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၅၈) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနား တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထူးချွန်မောင်မယ်များအနေဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ပြီးဖြစ်သော ထူးချွန်တံဆိပ်၊ ဂုဏ်ထူးဒြပ်များနှင့်သာ ကျေနပ်ရောင့်ရဲမနေကြဘဲ အဆင့်မြင့်ပညာများကို လေ့လာသင်ကြားရာတွင် ထူးချွန်ထက်မြက်သူများဖြစ်အောင် အရှိန်အဟုန်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြပြီး အနာဂတ်တွင် တိုင်းပြည်အကျိုးပြုမည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ရည်မှန်းချက်ထား ကြိုးစားအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် တတ်မြောက်ထားသည့် ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများကိုယ်စား (၅)ဘာသာဂုဏ်ထူးရှင် မဇင်ဇင်ဆန်းထွဋ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီး ၃၂၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၇၇ ဦး အောင်မြင်ခဲ့သည့်အတွက် အောင်ချက်ရာခိုင်နှုန်း ၅၄ ဒသမ ၁၃ ရာခိုင်နှုန်းရှိကာ (၅)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၄)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၂၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ရာသီပြည့်သီးနှံများစိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များနှင့်အတူ ကူသပိတ်ကျေးရွာတွင် လက်ဆွဲမျိုးစေ့ချ ကိရိယာဖြင့် စပါးစိုက်ပျိုးနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ကူသပိတ်ကျေးရွာ စနစ်ကျလယ်ယာမြေကွင်းအမှတ် ၁၈၀၆ တောင်သူ ဦးတိုးနိုင်၏ လယ်ဧက ၂၀ တွင် ရက် ၉၀ စပါးမျိုးများ လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများ တန်းစဉ်မပျက် ဆက်လက်ကူးပြောင်းနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည်များကို ပြုပြင်မွမ်းမံနိုင်ရေး မှာကြားပြီး လယ်ဝေးမြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်များတွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ရွှေကျင်မြစ် မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် လေးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်လည်းကောင်း၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သုံးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်လည်းကောင်း ဆက်လက်တည်ရှိနိုင်ပြီး ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ထိုမှတစ်ဆင့် တက္ကသိုလ်အဆင့်အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ တက္ကသိုလ်အားလုံးတွင် BA (Law) နှင့် BA (Eco)ဘွဲ့များ သင်ကြားနိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်လျက်ရှိသည်မှာ အားလုံးအသိဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံကို ပညာဖြင့် ဦးဆောင်၊ ပညာဖြင့် စီမံခန့်ခွဲပြီး ပညာအခြေခံသော ဖွံ့ဖြိုးတိုးတက်မှုဆီ ဆက်လက်လျှောက်လှမ်းကြရပါဦးမည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအမြစ်နှစ်ခုကို တင်ပြခဲ့ပါပြီ။ နောက်အရင်းအမြစ်မှာ သဘာဝပတ်ဝန်းကျင်မှပေးသော အကြောင်းတရားများဖြစ်သည်။ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးများဖြစ်သော မုန်တိုင်း၊ မိုးခေါင်ရေရှားမှုနှင့် အပူချိန်ပြင်းထန်မှု၊ အင်အားပြင်းထန်ငလျင်ဘေးဒဏ်များကား နိုင်ငံအတွက် စိန်ခေါ်မှုကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမှာပဲဖြစ်သည်။

ထို့ကြောင့်လည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုနှစ်တွင် အညာအပူပိုင်းဒေသ

## ❒ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုအောက်တွင် စိတ်နှလုံးချမ်းမြေ့စွာဖြင့် အရိပ်အာဝါသအောက် သာသာယာယာနေရခြင်းသည် ချမ်းသာခြင်းတစ်မျိုးပင်ဖြစ်၊ သို့သော် စိုက်ပြီးသားအပင်များ ရှင်သန်ရန်၊ အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တရားမဝင်ခုတ်ယူမှုများကိုတားဆီးရန် တာဝန်များကား ရှိနေသေးသည့်အတွက် သားစဉ်မြေးဆက်ထိန်းသိမ်းရမည့်တာဝန် အမွေတစ်ခုအဖြစ် ဆက်လက်ခံယူ

စိမ်းလန်းစိုပြည်ရေးကို နိုင်ငံတော်အဆင့် အလေးထားဆောင်ရွက်လာသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် လူအများနေထိုင်ရခက်ပြီး ဒုက္ခသက်ရောက်ခြင်းများကြောင့် သဘာဝကပ်ဘေးအန္တရာယ်အရှိန်လျော့ကျလာအောင် ကြိုတင်ကာကွယ်ရ၊ ဖန်တီးဆောင်ရွက်ကြရသည်မှာ ယနေ့လူသားတို့၏ တာဝန်လည်းဖြစ်လာသည်။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုအောက်တွင် စိတ်နှလုံးချမ်းမြေ့စွာဖြင့် အရိပ်အာဝါသအောက် သာသာယာယာနေရခြင်းသည် ချမ်းသာခြင်းတစ်မျိုးပင်ဖြစ်သည်။ သို့သော် စိုက်ပြီးသားအပင်များ ရှင်သန်ရန်၊ အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တရားမဝင်ခုတ်ယူမှုများကို တားဆီးရန်တာဝန်များကား ရှိနေသေးသည့်အတွက် သားစဉ်မြေးဆက် ထိန်းသိမ်းရမည့်တာဝန်အမွေတစ်ခုအဖြစ် ဆက်လက်ခံယူသွားရန်သာ ဖြစ်ပါသည်။

အချုပ်အားဖြင့် နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးအရ ချမ်းသာကြွယ်ဝနေမှု၊ လူမှုဘဝများ ဖွံ့ဖြိုးနေမှု၊ အေးချမ်းသာယာနေမှု တင့်တယ်ပါသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အရောက် ခရီးရှည်ကြီးကို ကြိုးစားပမ်းစားသွားနေရခြင်းဖြစ်သည်။ ဆူးငြောင့်ခလုတ်ကန်သင်းများစွာ ကျော်ဖြတ်နေရခြင်းဖြစ်သည်။ ခရီးရောက်မှု မရောက်မှုက အားလုံးအပေါ်တွင် မူတည်သည့်အတွက်လည်း ကျွန်တော်တို့တွင် တာဝန်ရှိသည်ဟု ခံယူထားပါသည်။ အားလုံးတွင် တာဝန်ရှိသည်ဟုလည်း ခံယူစေလိုပါသည်။

အခြေအနေ၊ အချိန်အခါအလိုက် လိုအပ်ချက်များကား ရှိနေမည်သာ။ အရေးအကြီးဆုံးက စေတနာရှိရန်၊ ညီညွတ်ရန်၊ နိုင်ငံချစ်စိတ်ရှိရန်နှင့် စွမ်းဆောင်ရည်မြင့်ရန် အပိုင်းများတွင် ဖြစ်သည်။ သို့သော် အားလုံး၏အခရာမှာ ပညာသာဖြစ်ပါသည်။ ပညာဖြင့် ဦးဆောင်ပြီး စိတ်ဓာတ်ကောင်းကောင်းဖြင့် အလုပ်ကိုအမှန်တကယ်လုပ်၊ ထိထိရောက်ရောက် လုပ်ကိုင်ကြမည်ဆိုလျှင် ဆောင်းပါးတွင်ပါသည့် ကျွန်တော်တို့လိုချင်သော မျှော်မှန်းချက်များ၊ လိုလားချက်များ အားလုံးသည် မလွဲကေန်အမှန်ဖြစ်လာမည်ဟု ဆက်လက်ယုံကြည်ထားပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရုံးဌာနအဆောက်အအုံနှင့် ဝန်ထမ်းများရုံးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ရှိ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးအတွင်းအပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ နိုင်ငံပိုင်ရုံးလုပ်ငန်းသုံးပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး၊ နိုင်ငံပိုင်ပစ္စည်း၊ အဆောက်အအုံများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ဆိုက်ဘာလုံခြုံရေးသတိပြုဆောင်ရွက်ရေး၊ ရုံးအင်္ဂါရပ်နှင့်ညီညွတ်သောပတ်ဝန်းကျင်ဖြစ်စေရန် သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဘာသာရပ်များသာမက ပြင်ပဗဟုသုတ၊ ခေတ်နှင့်လျော်ညီသော နည်းပညာများကို စဉ်ဆက်မပြတ်ကြိုးစားလေ့လာရေး၊ နိုင်ငံ့အကျိုး၊ ဝန်ကြီးဌာနအကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှု၍ ရုံးလုပ်ငန်းများစနစ်တကျ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနတွင်း ရုံးလုပ်ငန်းမွမ်းမံသင်တန်းနှင့် e-Government ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာအောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG၊ A3 (297 x 420 mm) with the correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ၊ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ်ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလှဲလှဲအောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG ၊ A3 (297 x 420 mm) with correct aspect ratio ၊ |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil ၊ Felt-tip Pen ၊ Crayons ၊ Paints ၊ Sketch Markers ၊ Sepia ၊ Sanguine၊ Charcoal ၊ Ink ၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်း မပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy CD (၂) ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp 4 ၊ |
| (၂) | Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo ၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်) ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last Name၊ First Name ၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့် ဗီဒီယို (၁၀) ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဇာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယို တို့ကို Artificial Intel-ligence (AI) နည်းပညာ အသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

*❍ ကျောဖုံးမှ*

တက္ကသိုလ်ကွင်း၌ ကျင်းပသည့် ရန်ကုန်စီးတီးအသင်းက Glory Goal အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုရာသီမှ ပထမတန်းသို့ တန်းတက်ခွင့်ရသော်လည်း ရာသီကြိုပြင်ဆင်မှုများနှင့် ကစားသမားသစ်ခေါ်ယူမှုများကြောင့် အာရုံစိုက်ခြင်းခံထားရသည့် ရန်ကုန်စီးတီးအသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။ နာမည်ကျော်နည်းပြ ဦးအောင်နိုင်ကိုင်တွယ်လာသည့်အပြင် လက်ရွေးစင်ဟောင်းများဖြစ်သည့် စည်သူအောင်နှင့် ကျော်ဇင်လွင်တို့ ဦးဆောင်လာသည့် ရန်ကုန်စီးတီးအသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စီးတီးအသင်းအတွက် ဂိုးများကို လေးမိနစ်တွင် စည်သူအောင်၊ ၃၂ မိနစ်တွင် ဟိန်းထက်စည်သူတို့က သွင်းယူပြီး Glory Goal အသင်းအတွက် ချေပဂိုးကို မိနစ် ၄၀ တွင် အောင်ဖြိုးမင်းက သွင်းယူသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းက YB United အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ Chinland အသင်း အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ပြီး အနိုင်ဂိုးများကို ၇၊ ၅၉ မိနစ်တွင် လှဖုန်းဦး၊ ၂၇ မိနစ်တွင် တင့်အောင်ကျော်က သွင်းယူသည်။

ပွဲစဉ် (၁) အပြီးတွင် မြဝတီအသင်း၊ Chinland အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ သုံးမှတ်စီရထားပြီး တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့က တစ်မှတ်စီရရှိထားကာ Glory Goal အသင်း၊ YB United အသင်းနှင့် ဧကြယ်ပွင့်အသင်းတို့မှာမူ ရှုံးပွဲကြုံတွေ့ကာ အမှတ်မရသေးပေ။

**သော်လေး၊ ဓာတ်ပုံ-MNL**

# တစ်နှစ်သုံးသီး သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးဆွေးနွေးပွဲနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၄

တစ်နှစ်သုံးသီး သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများထံ အောင်နိုင်တိုးမျိုးစပါးများ၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများနှင့် မျိုးစေ့ချကိရိယာ(Seeder)များ ပေးအပ်ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဘေးရှိ စိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပင်လောင်းလမ်းဘေးမြောင်းနှင့် ကျွန်းရောင်း-အိုက်စောက်ရိုး ပြန်လည်တူးဖော်နေမှုကိုလည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ရန်အောင်မြင်ဆည် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ချောင်းမကြီးဆည်မှ ရေသန့်စင်စက်ရုံအမှတ်(၁)သို့ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပင်မတမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိရေလှောင်တမံ ပင်မတမံ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆည်ရေဝင်ရောက်နေမှုနှင့် အရေးပေါ်ရေပိုလွှဲဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇေယျဌာနီလမ်းနှင့် ရာဇသင်္ဂဟလမ်း လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်သည့် နေပြည်တော်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက နေပြည်တော်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ပုဗ္ဗသီရိ(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကလောမြို့ဘူတာရုံအနီးရှိ ကလောချောင်း ယာယီမြေထိန်းနံရံဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ကလော ဩဂုတ် ၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကလောမြို့ဘူတာအနီးရှိ ကလောချောင်း ယာယီမြေထိန်းနံရံ ဆောင်ရွက်နေမှု၊ အမှတ်(၄)ရပ်ကွက်ရှိ ကလောချောင်း လူကူးကွန်ကရစ်ခုံးကျော်တံတား တည်ဆောက်မည့်ပုံစံ၊ ကလောဘူတာဝင်း ခြံစည်းရိုးလုပ်ငန်း စတင်ဆောင်ရွက်နေမှုနှင့် တံတားတည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလောမြို့ Hill Top Villa Hotel ခန်းမ၌ ကျင်းပသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ကလောမြို့ အမှတ်(၂)ရပ်ကွက်ရှိ ကလောချောင်း တိုးချဲ့တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သီခေါင်ကြိုးပြင်ကာကွယ်တောအကွက် အမှတ်(၃)တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (၂၀၂၅) မိုးရာသီ ထင်းရှူးမြို့တော်စီမံချက်ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ၃၅ ဧကတွင် ထင်းရှူးပင် ၁၈၉၀၀ စိုက်ပျိုးထားရှိမှု၊ သီခေါင်ကြိုးပြင်ကာကွယ်တော ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ၇၆ ဒသမ ၁၁ ဧကတွင် ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းကြီး ၁၈၂၆၆ ပင်ကို Geo Asia Industry & Mining Co., Ltd.မှ စိုက်ပျိုးထားရှိမှုနှင့် ထင်းရှူးပင် ၇၈၀၀၊ ချယ်ရီပင် ၄၀၀၊ စိန်ပန်းနီ ၁၅ ပင်၊ စိန်ပန်းပြာ ၁၅ ပင်ကို ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်မည့် စိုက်ခင်းနေရာတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ မြေဧရိယာ ၂ ဒသမ ၈၂ ဧကတွင် တိုက်နယ်ဆေးရုံအဆောက်အအုံ RC နှစ်ထပ် တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး ရွှေညောင်တိုက်နယ်ဆေးရုံရှိ ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




# တရုတ်-မြန်မာချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း

မန္တလေး ဩဂုတ် ၄

တရုတ် - မြန်မာချစ်ကြည်ရေးအသင်း(ဗဟို)နှင့် အသင်းခွဲ(မန္တလေး)တို့ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီး ကျောက်ကပ်ဌာနနှင့် သွေးစစ်ဌာနဓာတ်ခွဲခန်းတို့အတွက် ငွေကျပ်သိန်း ၂၀၀ ခန့်တန်ဖိုးရှိ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်-မြန်မာချစ်ကြည်ရေး အသင်း(ဗဟို) ဥက္ကဋ္ဌ ကိုယ်စား၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းခွဲ(မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းနှင့်အဖွဲ့က ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းရာ မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် လှူဒါန်းမှုတို့အတွက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ ခြံအမှတ်(၁၇/A)တွင် ပါတီရုံးချုပ်တည်ရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၇-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပိုမိုသာလွန်ကောင်းမွန်သည့် အောင်မြင်မှုများကိုဆောင်ယူပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ကြမည်

ကိုရင်မောင်

**အားကစားနည်းအမျိုးမျိုးတွင် မြန်မာပရိသတ်များ အမျှော်လင့်ဆုံး၊ အနှစ်သက်ဆုံး အားကစားနည်းမှာ ဘောလုံးအားကစားနည်းဖြစ်သည်။ တစ်ချိန်သောကာလက တိုင်းနှင့် ပြည်နယ် ဘောလုံးအားကစားပြိုင်ပွဲနှင့် ကျွန်းဆွယ်၊ ဆီးဂိမ်း၊ အာရှအားကစားပြိုင်ပွဲများတွင် တိုင်းနှင့် ပြည်နယ်လက်ရွေးစင်၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ ယှဉ်ပြိုင်ကစားခဲ့ကြပုံများကို ပြည်သူလူထုတစ်ရပ်လုံး တစ်ခဲနက်အားပေးခဲ့ကြသည်။ တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံး၊ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဘဝဂ်ထိတိုင် ဆူညံသံများဖြင့် အားပေးခဲ့ကြသည်များကို ယနေ့ထက်တိုင်အောင် သတိရနေဆဲဖြစ်သည်။**

### မျိုးချစ်စိတ်ဓာတ်ရှင်သန်

မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ရေကုန်ရေခန်း အနိုင်မခံအရှုံးမပေးသည့် ပြောင်မြောက်သော ကစားပုံ၊ ကစားကွက်များမှာ ပရိသတ်အားလုံး၏ နှလုံးသားများကို စွဲငြိစေခဲ့သည်။ ရွှေတွဲလဲ၊ ငွေတွဲလဲနှင့် အောင်ပွဲမှ ပြန်လာကြသော မြန်မာ့လက်ရွေးစင်အားကစားသမားများကို သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသော မြင်ကွင်းများမှာလည်း ယနေ့ထက်တိုင် မမေ့ပျောက်နိုင်သေးဘဲရှိသည်။ အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသင်းများအပေါ် မြန်မာအားကစားပရိသတ်ထားရှိသည့် ယုံကြည်ကိုးစားမှု၊ ကျေနပ်နှစ်သက်မှု၊ ချစ်ခင်မြတ်နိုးမှုများမှာ လျော့နည်းသွားခြင်းမရှိပေ။ မြန်မာနိုင်ရမည်ဆိုသည့် အားကစားစိတ်ဓာတ်များ မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲတွင်ကိန်းအောင်းနေဆဲ၊ အားကစားမှ ဖြစ်ပေါ်လာသော မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်နေဆဲ။

ပြီးခဲ့သည့် ဇူလိုင်လတတိယပတ်က အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် အာဆီယံယူ - ၂၃ ချန်ပီယံရှစ်ပြိုင်ပွဲများကို မြန်မာအားကစားပရိသတ် စိတ်ဝင်တစား အားပေးကြည့်ရှုခဲ့ကြသည်။ ဇူလိုင် ၂၂ ရက် အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဂိုးမရှိသရေပွဲကျခဲ့သည်။ အာဆီယံနိုင်ငံများတွင် အစဉ်အလာရှိသည့် ထိပ်တန်းထိုင်းအသင်းကို သရေကစားနိုင်သဖြင့် ကျေနပ်မိသည်။ သို့သော် အုပ်စုပထမပြိုင်ပွဲတွင် တီမောအသင်းကို မထင်မှတ်ဘဲ၊ မမျှော်လင့်ဘဲ သရေကစားခဲ့သည်ကိုမူ မြန်မာပရိသတ်များ မကျေမချမ်းဖြစ်ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို တီမောအသင်းနှင့် ယှဉ်ပြိုင်ရာတွင် အထင်အရှား တွေ့ရသည်။ အနိုင်ရလျှင် တစ်နိုင်ငံလုံးပျော်မည်။ ရှုံးနိမ့်လျှင် ကြိတ်မနိုင်ခဲမရဖြစ်ကြသည်။

### ပရိသတ်များမျှော်လင့်လျက်

ယခုကာလတွင် ယှဉ်ပြိုင်ကစားကြသော ပြည်တွင်း/ပြည်ပ အားကစားပြိုင်ပွဲများ၏ အနိုင်/အရှုံးရလဒ်များသည် နှစ်ကုန်တွင်ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အကြိုခြေလှမ်းများဟု ဆိုနိုင်သည်။ အတိတ်တစ်ချိန်က ရွှေရောင်လွှမ်းခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားဂုဏ်သည် အားကစားသမိုင်းတွင် ကမ္ပည်းမော်ကွန်းရေးထိုးထားသည်။ ခေတ်ကာလရွေ့လျောလာသည့်အလျောက် မြန်မာ့အားကစားရွှေရောင်များမှာ မှေးမှိန်လာခဲ့ပြီး မျက်မှောက်ကာလတွင်မူ အားကစားအဆင့်အတန်းမှာ ပြန်လည်ဦးမော့လာသည်ဟု ဆိုနိုင်သည်။ အတိတ်က ရွှေရောင်အိပ်မက်များကို မမေ့နိုင်သေးသလို အနာဂတ်အတွက် ရွှေရောင်အိပ်မက်များကိုလည်း ပရိသတ်အားလုံး မျှော်လင့်လျက်ရှိသည်။



(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို ဗိုဗီနမ်အားကစားနည်းမှ အမျိုးသမီးနှစ်ယောက်တွဲ သရုပ်ပြပြိုင်ပွဲတွင် မြန်မာ့ဂုဏ်ဆောင်အားကစားသမားများ အောင်ပွဲခံနေစဉ်။

၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၁၀၄ ဦး စုစုပေါင်း မြန်မာအားကစားအဖွဲ့ဝင် ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်း ဆုတံဆိပ် ၁၁၄ ခု နိုင်ငံ့ဂုဏ်ဆောင်ရယူပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၈၁ ခုနှစ် နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများသို့ ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲများတွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် အများဆုံး ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များ၏ ထူးခြားသော စွမ်းဆောင်မှုများကို တွေ့ရမည်ဖြစ်သည်။

### ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့

ပါဝင်ယှဉ်ပြိုင်နိုင်မှုအင်အားတွင် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၁ နိုင်ငံမှ အားကစားသမား ၆၂၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အိမ်ရှင်ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် ပြိုင်ပွဲဝင် ၈၀၀ ကျော်စီ ပါဝင်သည့် အများဆုံးအင်အားဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဗီယက်နမ်က အင်အား ၇၀၀ ကျော်၊ မလေးရှားက အင်အား ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအိုနှင့် စင်ကာပူနိုင်ငံတို့က အင်အား ၅၀၀ ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်မှု အခြေအနေကိုကြည့်လျှင် စုစုပေါင်းထည့်သွင်းကျင်းပသည့် အားကစားနည်း ၃၆ နည်းတွင် အိမ်ရှင်ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့က အားကစားနည်းအားလုံး ရာနှုန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူငါးနိုင်ငံက အားကစားနည်း ၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံက အားကစားနည်း ၁၉ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ အားကစားသမားပါဝင်မှု အချိုးအစားကိုကြည့်လျှင် အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအားလုံး၏ ၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ မြန်မာအားကစားအဖွဲ့များအနေဖြင့် အားကစားနည်းစနစ်အစုံအလင်နှင့် ပြိုင်ပွဲဝင်အားကစားသမားအပြည့်အစုံ ပါဝင်ယှဉ်ပြိုင်ကြသည့် အခြားနိုင်ငံများကြားတွင် အားကစားနည်း ၁၉ နည်းနှင့် ပြိုင်ပွဲဝင် ၃၄၁ ဦးဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း အားကစားနည်းအရ ဆုတံဆိပ်ရရှိမှုတွင် မြန်မာနိုင်ငံက မြင့်မားနေသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

### အောင်မြင်မှုမြင့်မား

ထို့ပြင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှု ရာခိုင်နှုန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည် (၂၇)ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၈ ရာခိုင်နှုန်း၊ (၂၈)ကြိမ်မြောက်ပြိုင်ပွဲ၌ ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉)ကြိမ်မြောက် ပြိုင်ပွဲ၌ ၉ ဒသမ ၆၈ ရာခိုင်နှုန်း၊ အကြိမ် (၃၀) မြောက်ပြိုင်ပွဲ၌ ၇ ဒသမ ၆၆ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် (၃၁) ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၁ ဒသမ ၅၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက်ပြိုင်ပွဲ၌ ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းအထိရရှိခဲ့သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မြန်မာ့အားကစား အောင်မြင်မှုများ မြင့်မားတိုးတက်လာသည်ကိုတွေ့ရသည်။

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၅၃ နည်း ထည့်သွင်းကျင်းပသွားမည်ဟု သိရသည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုအခါ အားကစားနည်းအလိုက် ပွဲမဝင်မီ ပြင်ဆင်လေ့ကျင့်နေကြသည်ကိုတွေ့ရသည်။ (၃၃) ကြိမ်မြောက်ပြိုင်ပွဲတွင်ပါဝင်မည့် အားကစားနည်းအမျိုးအစား များလာသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းများအလိုက် တိုးတက်ယှဉ်ပြိုင်လာသည်ကို တွေ့နိုင်သည်။

### စံချိန်သစ်ပေါ်ထွက်နိုင်

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပွဲမဝင်မီကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်က နေပြည်တော်တွင် တခမ်းတနားကျင်းပခဲ့သည့်

*စာမျက်နှာ ၁၁ သို့*

**❑ မျက်မှောက်ကာလတွင် မြန်မာအားကစားကဏ္ဍ အဆင့်အတန်းတစ်ခုအထိ မြင့်မားတိုးတက်လာခြင်းသည် မြန်မာအားကစားသမားများအားလုံး၏ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာ မြင့်မားရေးအတွက် အားကစားဖြင့် ရေကုန်ရေခန်းကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် အောင်စိတ်မြင့်မားမှုရှိနေကြခြင်းဖြစ်သည်။ ထို့ပြင် အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာအောင် နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးမှုများဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံအတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် အမိမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် လွှင့်တင်ပေးနိုင်ခဲ့သဖြင့် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခြင်းများသည်လည်း အထောက်အပံ့ကောင်းများဖြစ်**

## သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးတပ်စုများ စုဖွဲ့ထားရှိ

**အင်္ဂပူ ဩဂုတ် ၄**

အင်္ဂပူမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ဩဂုတ် ၃ ရက်က သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နိုင်ရေး ရှာဖွေကယ်ဆယ်ရေး တပ်စုများစုဖွဲ့ထားရှိမှုနှင့် ကယ်ဆယ်ရေးသုံး ပစ္စည်းများ စုစည်းထားခြင်းတို့ကို ခရိုင်မီးသတ်ဦးစီးဌာနက လာရောက်ကြည့်ရှုစစ်ဆေးသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းတို့က သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးတပ်စုများစုဖွဲ့ထားရှိမှုနှင့် ကယ်ဆယ်ရေးသုံးပစ္စည်းများ စုစည်းထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



အင်္ဂပူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးတပ်စုကို ၃၅ ဦးဖြင့် စုဖွဲ့ထားရှိပြီး ကယ်ဆယ်ရေးသုံး ပစ္စည်းများအား စုစည်းထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၄**

မော်လမြိုင်ကျွန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းမှစတင်ကာ မြို့နယ်



ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီမှ အများပြည်သူဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဘဲဥများကို ဈေးနှုန်းသက်သာစွာဖြင့် အမှတ် (၁၁) ရပ်ကွက် မဟာဗန္ဓုလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၌ လက်လီရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင်ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀၊ ဆီ(စားအုန်းဆီ)တစ်ပိဿာလျှင် ငွေကျပ် ၆၉၀၀၊ ကြက်ဥနှင့် ဘဲဥတစ်လုံးလျှင် ငွေကျပ် ၃၅၀ ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးသည်။

အဆိုပါရောင်းချရာသို့ မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး ကော်မတီဥက္ကဋ္ဌဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက ဝယ်ယူရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများက ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၄**

စေတုတ္တရာမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ စည်ပင်သာယာဈေးတွင် ဈေးရောင်းဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေးအသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာ ယူဆောင်လာရန် အသိပညာပေးခြင်းနှင့် စက္ကူအိတ်များ အခမဲ့ဖြန့်ဝေပေးကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**



## မူဆယ်မြို့၌ ဌာနဆိုင်ရာများ စုပေါင်းအသိပညာပေး ဟောပြော

**မူဆယ် ဩဂုတ် ၄**

မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဌာနဆိုင်ရာများ စုပေါင်း၍ အသိပညာပေး ဟောပြောခြင်းနှင့် ဗီဒီယိုကလစ်ပြသခြင်းကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ရဲမှူးမင်းနိုင်က လူကုန်ကူးခံရမှုများ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်းနှင့် လူကုန်ကူးနေသည်ဟု သံသယရှိပါက ဆက်သွယ်ရမည့် လိပ်စာဖုန်းနံပါတ်များကို ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာအကြောင်း ဟောပြောပြီး လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့လာသည့် အသိပညာပေး ဗီဒီယိုကလစ် နှစ်ခုအား ပြသပေးသည်။

ယင်းနောက် မူဆယ်မြို့ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော်က အဖွဲ့မှ ကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့် စစ်မှုထမ်းဥပဒေအကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခင်က မော်တော်ယာဉ်/မော်တော် ဆိုင်ကယ်များ မောင်းနှင်ရာတွင် လိုက်နာရမည့် ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း၊ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးက မီးလောင်မှုဖြစ်ပေါ်ပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ အကြောင်းကို ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၁၀ မှ*

ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲမှ တစ်ဆင့် အစပျိုးလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် အားကစားပွဲတော်ကြီးတွင် အားကစားသမားပေါင်း ၁၂၀၀၀ ခန့်နှင့် အားကစားနည်း ၂၃ မျိုး ယှဉ်ပြိုင်ခဲ့ကြခြင်းမှ စတင်သည်။ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ အလေးမ၊ ရေကူး၊ ကြက်တောင်၊ ဘိလိယက်နှင့် စနူကာ၊ ကာယဗလ၊ ဂျူဒို၊ ကရာတေး၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ မြန်မာ့သိုင်း၊ လက်ဝှေ့ စသည့်အားကစား နည်းများသည် လက်ရွေးစင်အား ကစားသမားများ ပေါ်ထွက်လာနိုင်ပြီး စံချိန်သစ်တင်နိုင်သော အားကစားနည်းများ ဖြစ်သည်။

မြန်မာအားကစားပရိသတ်များ စိတ်ဝင်စားသည့် ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်၍ အတိတ်က ရွှေရောင်အိပ်မက်များကို အမီမလိုက်နိုင်သေးသော်လည်း ၂၀၀၅ ခုနှစ်မှစတင်၍ ဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းလာနိုင်သဖြင့် အရှေ့တောင်အာရှဘောလုံးလောကတွင် မြန်မာဘောလုံးအသင်းများ၏ ခြေစွမ်းခြေစများမှာ အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီး အသင်းနှစ်သင်းစလုံးအနေဖြင့် အကြိုဗိုလ်လုပွဲများသို့ တက်ရောက်နိုင်ခဲ့သည်မှာ မြန်မာနိုင်ငံနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အခြေအနေဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားအသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ကြရပြီး အကြိုဗိုလ်လုပွဲတွင် အာဆီယံ၌ အင်အားအကြီးဆုံး ထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိ အနိုင်ရရှိခဲ့သည်။

### ဂုဏ်ပြုပေးအပ်ချီးမြှင့်

ထိုသို့ အောင်မြင်မှုများ အဆင့်ဆင့်တက်လှမ်းပြီး မျက်မှောက်ကာလတွင် မြန်မာအားကစားကဏ္ဍ အဆင့်အတန်းတစ်ခုအထိ မြင့်မားတိုးတက်လာခြင်းသည် မြန်မာအားကစားသမားများအားလုံး၏ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာ မြင့်မားရေးအတွက် အားကစားဖြင့် ရေကုန်ရေခန်း ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် အောင်စိတ်မြင့်မားမှု ရှိနေကြခြင်းဖြစ်သည်။ ထို့ပြင် အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာအောင် နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးမှုများဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံအတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် အမိမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် လွှင့်တင်ပေးနိုင်ခဲ့သဖြင့် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များအား နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခြင်းများသည်လည်း အထောက်အပံ့ကောင်းများဖြစ်သည်။

သာဓကအားဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အထူးဆုများအဖြစ် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည့် အမျိုးသားဘောလုံးအသင်းကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် အခြားအားကစားနည်းအလိုက် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆွတ်ခူးကြသော အားကစားမောင်မယ်များ၊ အသင်းလိုက်၊ အဖွဲ့အလိုက်ပါဝင်သူများ၊ အုပ်ချုပ်သူနည်းပြများပါမကျန် ပါဝင်စွမ်းဆောင်ခဲ့ကြသူအားလုံးကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

သို့ဖြစ်ရာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများအလိုက် မြန်မာ့လက်ရွေးစင်အားကစားသမားများအားလုံးက မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပွဲမဝင်မီ အစွမ်းကုန်ကြိုးပမ်း လေ့ကျင့်ပြင်ဆင်နေကြပြီဖြစ်ရာ ပြီးခဲ့သည့်ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေတွဲလွဲ ငွေတွဲလွဲ အောင်ပန်းဆင်နိုင်ခဲ့သည့် အခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် အောင်မြင်မှုများကို သယ်ဆောင်ရယူပေးပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ကြဉ်းပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း စခန်း ၂၉ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။(ပုံ–၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၇ |
| ၃ | တောင်ကြီး | ၆.၇ |
| ၄ | မိုင်းဆတ် | ၆.၅ |
| ၅ | ကျိုင်းတုံ | ၆.၆ |
| ၆ | စစ်ကိုင်း | ၆.၅ |
| ၇ | ဟားခါး | ၆.၉ |
| ၈ | ညောင်ဦး | ၆.၈ |
| ၉ | မုံရွာ | ၇.၁ |
| ၁၀ | ပျဉ်းမနား | ၆.၉ |
| ၁၁ | ပြင်ဦးလွင် | ၆.၇ |
| ၁၂ | ကလေးဝ | ၆.၅ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၄ | မှော်ဘီ | ၆.၉ |
| ၁၅ | မကွေး | ၆.၇ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁၆ | အောင်လံ | ၇.၁ |
| ၁၇ | စစ်တွေ | ၆.၉ |
| ၁၈ | ပြည် | ၆.၅ |
| ၁၉ | ပဲခူး | ၇.၁ |
| ၂၀ | တောင်ငူ | ၆.၉ |
| ၂၁ | ပုသိမ် | ၆.၉ |
| ၂၂ | မအူပင် | ၆.၉ |
| ၂၃ | ဟင်္သာတ | ၆.၇ |
| ၂၄ | မော်လမြိုင် | ၇.၀ |
| ၂၅ | ဘီးလင်း | ၆.၈ |
| ၂၆ | ဘားအံ | ၇.၀ |
| ၂၇ | ထားဝယ် | ၇.၀ |
| ၂၈ | မြိတ် | ၆.၈ |
| ၂၉ | ကော့သောင်း | ၆.၇ |

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5μg) နှင့်အောက်သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်မှ ၃၁ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဇူလိုင်လ ၂ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့သည် AQI Range 51–100 အတွင်းတွင် ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များ သည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇူလိုင်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၇ ရက်နှင့် အသင့်အတင့်အဆင့်၌ ၃ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေ အရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာ ဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့်အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေပိုများသည်။ |

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဩဂုတ် ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

**မိုးညှင်း ဩဂုတ် ၄**

မိုးညှင်းခရိုင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (မိုးညှင်း) ၌ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်က ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာအစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(မိုးညှင်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ သန္တာအောင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး အမှတ်(၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်တင့်လွင်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များ၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ သက်ငယ်မုဒိမ်းမှုနှင့် တရားမဝင် အလုပ်သမားခိုင်စေမှုများ၊ လူကုန်ကူးခြင်း၏ အဓိကအချက်များ၊ ပြည်ပဆိုင်ရာ အလုပ်သမားဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် အွန်လိုင်းအသုံးပြု၍ ပြည်တွင်းပြည်ပတွင် အလုပ်လုပ်ကိုင်ရန် စည်းရုံးခေါ်ယူခြင်း ခံရမှုအပေါ် လူကုန်ကူးခြင်း ခံရနိုင်သည့် နောက်ဆက်တွဲ ဆိုးကျိုးများ စသည်တို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တပ်ဖွဲ့စိတ်မှူးက ပြန်လည်ဆွေးနွေး ပြောကြားခဲ့သည်။

**ရွှေမိုးညှင်း**



# တုံတာမြို့၌ ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား / လမ်းသားပဲ့ကျမှုအား ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိတ္ထီလာ–တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်လမ်း (မိုင်းပျဉ်း–ကျိုင်းတုံအပိုင်း)၊ (၃၅၈/၆–၃၅၈/ ၇)မိုင် တုံတာမြို့အတွင်း ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးသား လမ်းသားပဲ့ကျမှုအား ပြုပြင်ဆောင်ရွက်နေသည့် နေရာကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းတာပေါင်ပဲ့ကျမှုနှင့် ကတ္တရာကွန်ကရစ် (AC) လမ်းသားပဲ့ကျခဲ့မှု အခြေအနေ၊ ရေတိုက်စားမှုမှ ကာကွယ်ရန်ချောင်းအတွင်း မျှောတုတ်ရိုက်ခြင်း၊ သံအိတ်ကာရံနေမှု အခြေအနေ၊ လမ်းသားပဲ့ကျမှုမှကာကွယ်ရန် မျှောတုတ်ရိုက်ခြင်း၊ သံအိတ်စီခြင်းအခြေအနေနှင့် မူလလမ်းသား အကျယ်ရရှိရန် မြေဖို့ဆောင်ရွက်သွားမည့် အခြေအနေတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းပိုင်းသည် နမ့်စင်ချောင်းရေ တိုက်စားမှုကြောင့် ဇူလိုင် ၃၀ ရက်က အလျား ၇၄ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ၂၅ ပေခန့် လမ်းပခုံးနှင့် ကတ္တရာကွန်ကရစ်(AC) လမ်းသား ပဲ့ကျခဲ့ရခြင်းဖြစ်ပြီး လမ်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြော

**ကျွန်းစု ဩဂုတ် ၄**

ကျွန်းစုမြို့နယ်၌ ပြည်သူများ အင်တာနက်အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ



သတိပြုဆင်ခြင်နိုင်စေရန်ရည်ရွယ်၍ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်လူထုအခြေပြုဇာတိုဌာနခန်းမ၌ ယနေ့ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ကေသွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဝေလှိုင်စိုး၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီနွဲ့တို့က အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်သည့်နည်းလမ်းများ၊ အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် သတိပြုရှောင်ရှားနိုင်ရေးနှင့် ငွေကြေးလိမ်လည်မှုများ ကင်းဝေးနိုင်စေရေးတို့အတွက် သတိပြုရမည့်အချက်များ စသည်ဖြင့် အသိပညာပေးဆွေးနွေးခဲ့သည်။

**ထက်မြင့်(ကျွန်းစု)**

# သဘာဝဘေးအန္တရာယ် ရေဘေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

**မိုးကောင်း ဩဂုတ် ၄**

မိုးကောင်းမြို့ သဘာဝဘေးအန္တရာယ် ရေဘေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းကို မိုးကောင်းနန့်ယင်းချောင်း We Love Mogaung View Point ကမ်းစပ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရေဘေးရှာဖွေကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်မှု အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀၊ ရင်ငြိမ်းပန်းပရဟိတအဖွဲ့ဝင် ၂၀ နှင့် ကြက်ခြေနီ ၁၂ ဦးတို့က လှေတိမ်းမှောက်မှုဖြစ်စဉ်တွင် ရေစီးမျောပါနေသောလူများကို ရှာဖွေကယ်ဆယ်ခြင်း၊ ရေချောင်းထဲမျောပါလာသူများအား အဝေးထိန်းစနစ်သုံး Water Rescue Robot ဖြင့် ကယ်ဆယ်ခြင်း၊ မီးလောင်နေသောစက်လှေအား မီးငြိမ်းသတ်အဖွဲ့က ရေပေါ်မီးသတ်စက်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက မီးလောင်ပျက်စီးစက်လှေမှ ခုန်ချသူများအား ကယ်ဆယ်ခြင်းနှင့် ကြက်ခြေနီများက ရှေးဦးပြုစုခြင်းများ လက်တွေ့သရုပ်ပြသခဲ့သည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# နိုင်ငံ၏စီးပွားရေး ပိုမိုအားကောင်းစေရန် ရေရှည်စီးပွားရေးမဟာဗျူဟာကို ပြန်လည်သုံးသပ်သွားမည်ဟု စင်ကာပူပြော

**စင်ကာပူ ဩဂုတ် ၄**

စင်ကာပူနိုင်ငံသည် ပထဝီဝင်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့် နည်းပညာဆိုင်ရာ နှောင့်ယှက်ဟန့်တားမှုများကဲ့သို့သော ကမ္ဘာ့ဖွဲ့စည်းပုံ အပြောင်းအရွှေ့များကြားတွင် နိုင်ငံ၏စီးပွားရေးကို ပိုမိုအားကောင်းစေရန် အထူးပြုကော်မတီငါးခုပါဝင်သော အဆင့်မြင့်အဖွဲ့ကိုဖွဲ့စည်းပြီး ရေရှည်စီးပွားရေးမဟာဗျူဟာကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်သွားမည်ဟု ဩဂုတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဂမ်ကင်ယောင်က စီးပွားရေးမဟာဗျူဟာသုံးသပ်ချက်ဟု အမည်ပေးထားသော အဆိုပါပဏာမခြေလှမ်းကို ထုတ်ဖော်ပြောကြားခဲ့သည်။ စိတ်ကူးသစ်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် ချဉ်းကပ်ပုံစံသစ်များကို ကျင့်သုံးနေစဉ် တစ်ဖက်တွင်လည်း ယခင်စီးပွားရေးသုံးသပ်ချက်များမှ ထိုးထွင်းသိမြင်မှုများကိုအသုံးချပြီး နိုင်ငံ၏စီးပွားရေး ပိုမိုအားကောင်းအောင် တည်ဆောက်မည်ဟု ၎င်းက ပြောသည်။

သုံးသပ်ချက်တွင် လာမည့်လများအတွင်း စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားများ၊ အခြားအဓိကပါဝင်ပတ်သက်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးမှုများ ပါဝင်မည်ဖြစ်သည်။ အထူးပြုကော်မတီငါးခုသည် ၎င်းတို့၏အကြံပြုချက်များနှင့်အတူ အစီရင်ခံစာတစ်စောင်ကို ၂၀၂၆ နှစ်လယ်ပိုင်းတွင် ထုတ်ပြန်ရန် မျှော်လင့်ထားသည်။

ဤအစီအစဉ်သည် ဒုတိယဝန်ကြီးချုပ် ဂမ် ဦးဆောင်သော ပိုမိုကျယ်ပြန့်သည့် စင်ကာပူစီးပွားရေးလုပ်ငန်းအဖွဲ့၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ၎င်းအစီအစဉ်ကို စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများအား အမေရိကန်၏ အခွန်စည်းကြပ်မှုများကြောင့် ပေါ်ပေါက်လာသော မသေချာမရေရာမှုများနှင့် လိုက်လျောညီထွေဖြစ်အောင်ကူညီရန် ဧပြီလက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



အထူးပြုကော်မတီများသည် အဓိကကျသော မဟာဗျူဟာနယ်ပယ်ငါးခုကို အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းနယ်ပယ်များတွင် စီးပွားရေးပြိုင်ဆိုင်မှုများကို ပြန်လည်ဆန်းသစ်ခြင်းဖြင့် စင်ကာပူ၏ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းလာစေရန်၊ ကျယ်ပြန့်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေရန်နှင့် အခွင့်အလမ်းသစ်များကို ဖမ်းယူနိုင်ရန် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အသုံးချခြင်းများ ပါဝင်သည်။

ဆင်ဟွာ



# အင်ဒိုနီးရှားနိုင်ငံ၌ အခမဲ့ကျန်းမာရေးဆေးစစ်ပေးသည့်အစီအစဉ်မှ လူပေါင်း ၁၆ သန်းအထိ စစ်ဆေးဆောင်ရွက်ပြီးဖြစ်

**ဂျကာတာ ဩဂုတ် ၄**

အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ခဲ့သော အခမဲ့ဆေးစစ်ပေးသည့်အစီအစဉ်မှာ လူပေါင်း ၁၆ သန်းအထိ စစ်ဆေးဆောင်ရွက်ပြီးဖြစ်ကြောင်း ဩဂုတ် ၄ ရက်တွင် ပြောသည်။

ဩဂုတ် ၃ ရက်အထိ လူပေါင်း ၁၆ သန်းကိုစစ်ဆေးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် ကလေးငယ်ပေါင်း နေ့စဉ်ပျမ်းမျှ ၁၅၀၀၀၀ မှ ၂၈၀၀၀၀ အထိ စစ်ဆေးခံယူလျက်ရှိကြောင်း၊ သွားနှင့် အမြင်အာရုံဆိုင်ရာ ပြဿနာများမှာ အဖြစ်အများဆုံး ကျန်းမာရေးပြဿနာများဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အင်ဒိုနီးရှား အစိုးရအနေဖြင့် အခမဲ့ ကျန်းမာရေးစစ်ဆေးပေးသည့် အစီအစဉ်မှတစ်ဆင့် ပြည်သူ ၅၈ ဒသမ ၂ သန်းအထိ ဝန်ဆောင်မှုပေးနိုင်ရန် ရည်မှန်းထားကြောင်းသမ္မတရုံးအကြီးအကဲဖြစ်သူ ပူထရန်တိုက ပြော သည်။

ယခုကဲ့သို့ လုပ်ဆောင်မှုမှာ အင်ဒိုနီးရှားနိုင်ငံ၏ ရေရှည်ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သည့် ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ ဆယ်စုနှစ်ကြာပြီးနောက် ငါးဖမ်းရေယာဉ်စစ်တမ်းကောက်ယူမှု စတင်

**ကိုလံဘို ဩဂုတ် ၄**

သီရိလင်္ကာနိုင်ငံ၌ ၁၀ နှစ်ကြာပြီးနောက် ၎င်း၏ ငါးဖမ်းရေယာဉ်စစ်တမ်းကို ဩဂုတ် ၄ ရက်တွင် စတင်ကောက်ယူလျက်ရှိကြောင်း ဝန်ကြီးတစ်ဦးက ပြောကြားသည်။

ဩဂုတ် ၂၀ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူမည့်စာရင်းမှာ နိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် ငါးဖမ်းရေယာဉ် ၅၀၀၀၀ ခန့်ကို ကာကွယ်မည့် နောက်ဆုံးပေါ်ဒေတာဘေ့စ်တစ်ခုကို ဖန်တီးရန် ရည်ရွယ်ကြောင်း ငါးလုပ်ငန်း၊ ရေနေနှင့် သမုဒ္ဒရာအရင်းအမြစ်ဝန်ကြီး ရာမယ်လင်ဂမ်ချန်ဒရာဆယ်ခါက ပြောကြားသည်။

အဆိုပါစစ်တမ်းကောက်ယူမည့်ကာလအတွင်း ဌာနမှ တာဝန်ရှိသူများသည် ငါးဖမ်းဆိပ်ကမ်းတိုင်းသို့ သွားရောက်၍ ရေယာဉ်တစ်စင်းချင်းစီကို စစ်ဆေးပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အထူးစတစ်ကာတစ်ခု တပ်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လာမည့်နှစ်မှစတင်ကာ ၎င်းတို့က ငါးဖမ်းလုပ်ငန်းလိုင်စင်များနှင့် သန်းခေါင်စာရင်း အချက်အလက်များအပေါ်အခြေခံ၍ နောက်ဆုံးပေါ် ဝန်ဆောင်မှုများကို ထုတ်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ



# ဂျပန်နိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူ သုံးပုံနှစ်ပုံမှာ လေအေးပေးစက် အသုံးမပြုခြင်းကြောင့်ဟုဆို

**တိုကျို ဩဂုတ် ၄**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇွန်နှင့် ဇူလိုင်လအတွင်း အပူချိန်လွန်ကဲမှုကြောင့် လူပေါင်းများစွာ သေဆုံးမှုဖြစ်ပွားကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားသည်။

ဇွန် ၁၆ ရက်မှ ဇူလိုင်လကုန်အထိ အပူချိန်နှင့် ဆက်စပ်သောဖြစ်ရပ်များကြောင့် လူပေါင်း ၅၆ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ၎င်းတို့အနက် သုံးပုံနှစ်ပုံကျော်မှာ လေအေးပေးစက်များ တပ်ဆင်ထားသော်လည်း သုံးစွဲမှုမရှိခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အပူချိန် လွန်ကဲမှုကြောင့် သေဆုံးသူများကို အသက်အရွယ်အလိုက် ခွဲခြမ်းကြည့်ပါက အသက် ၇၀ အရွယ်များက သေဆုံးသူ ၂၆ ဦးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ယင်းနောက်တွင် အသက် ၈၀ အရွယ် ၁၆ ဦးနှင့် အသက် ၆၀ အရွယ် ၁၀ ဦးဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူ ၅၆ ဦးအနက် ၅၄ ဦးမှာနေအိမ်အတွင်း၌ သေဆုံးခြင်းဖြစ်ကြောင်း၊ ၅၄ ဦးအနက် ၃၈ ဦးမှာ လေအေးပေးစက် အသုံးပြုခြင်းမရှိကြောင်း သိရသည်။

နေအိမ်အတွင်း လေအေးပေးစက်များ အသုံးမပြုခြင်းကြောင့် အပူလျှပ်ဖြစ်ပွားသူ အရေအတွက် များပြားလာကြောင်း အပူလျှပ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူ စိုင်းတာမခရိုင် ဂျီခေးဆေးရုံ လက်ထောက် ညွှန်ကြားရေးမှူးဖြစ်သူ ဖူဂျီနာဂါဆူယိုရှိက အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောသည်။

ယခုကဲ့သို့ ရာသီမျိုးတွင် အိမ်တွင်းအပူချိန်သည် ညအချိန်တွင်ပင် ၃၀ ဒီဂရီဆဲလ်စီးယပ်ကျော်နိုင်သည့်အတွက် အသက်ဘေးအန္တရာယ်ကို ကာကွယ်ရန် ၂၄ နာရီ လေအေးပေးစက်များ ဖွင့်ထားသင့်ကြောင်း ဆူယိုရှိက ပြောသည်။

အင်န်အိတ်ချ်ကေ

# ယီမင်နိုင်ငံ၌ ရွှေ့ပြောင်းလှေတိမ်းမှောက်မှု သေဆုံးသူပေါင်း ၅၄ ဦးရှိလာ

**အေဒင် ဩဂုတ် ၄**

အာဖရိကန်ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့် မော်တော်လှေတစ်စင်းသည် ဩဂုတ် ၃ ရက်တွင် ယီမင်နိုင်ငံကမ်းရိုးတန်း၌ တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် သေဆုံးသူစုစုပေါင်း ၅၄ ဦးအထိ တိုးလာကာ ဒါဇင်နှင့်ချီ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ဆင်ဟွာသို့ ပြောကြားသည်။ မကြာသေးမီကာလအတွင်း ယီမင်နိုင်ငံ အက်ယမ်ပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် သေဆုံးသူ ၅၄ ဦး ကို ပြန်လည်တွေ့ရှိခဲ့ကြောင်း အက်ယမ်ပြည်နယ် ကျန်းမာရေးရုံးမှ ညွှန်ကြားရေးမှူးဖြစ်သူ အဗ္ဗဒူကာဒါဘာဂျမီလ်က ပြောကြားသည်။

အာဏာပိုင်များက ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



နေပြည်တော် ဩဂုတ် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၉၈၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက ဆင်လှေ့ဘွရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့် လာရောက်ပြသသည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၁၆ ဦးတို့အား တပ်မတော်သားဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

**(၄-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၇-၇-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၈-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိနှုန်းမှာ (၀.၃၆) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၄ - တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

◆ ကျောဖုံးမှ

(အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲ ပွဲစဉ်တွင် မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ ဗိုလ်လုပွဲပြိုင်ပွဲများအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားရာ (အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ယနေ့နံနက် ၉ နာရီမှစတင်၍ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြပြီး အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိတ်ဆွေပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❊ ကျောဖုံးမှ

ယှဉ်ပြိုင်ကစားပြီး နောက်ဆုံးပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့် E-sports ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းတစ်သင်းအနေဖြင့် Yangon Galacticos အသင်းက ပထမဆုံးအကြိမ်အဖြစ် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ချန်ပီယံ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ရရှိသည်။

အလားတူ MLBB MSC E-sports World Cup-2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းက ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိတက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံမှ အမျိုးသမီးအသင်းဖြစ်သည့် Terror Queen အသင်းကလည်း MLBB MSC E-sports World Cup – 2025 Mobile Legends: Bang Bang – Women's Invitational (MWI) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယဆုရရှိကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် နာယက ဦးကောင်းထက်စံက "အခု အောင်မြင်မှုဟာ မြန်မာ့အီလက်ထရောနစ်အားကစားသမိုင်းမှာ အမြင့်မားဆုံးအောင်ပွဲ ဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်ခင်ကတည်းက လူငယ်တွေကို အမြဲအားပေးပြီး အဘက်ဘက်က ငွေအား၊ လူအားနဲ့ စီမံခန့်ခွဲညွှန်ကြားမှု အမြဲမပြတ် ဆောင်ရွက်ပေးခဲ့တဲ့ ကမ္ဘောဇဘဏ် နာယကကြီး ဦးအောင်ကိုဝင်း ကို အထူး ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် E-sports အားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို ကမ္ဘာ့အသိအမှတ်ပြုထူထောင်ခဲ့ပြီး ဂုဏ်ထူးဆောင်နာယကများအဖြစ် ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင်နှင့် နာယကအဖြစ် ဦးကောင်းထက်စံတို့က ဦးဆောင်ကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ကောင်းမြတ်စံနှင့် လူငယ်များက အနီးကပ်ကြီးကြပ်၍ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်သည်။

ထို့အပြင်မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို KBZ Bank နှင့် KBZPay တို့က ၂၀၂၀ ပြည့်နှစ်မှစတင်ကာ အဓိကပံ့ပိုးကူညီပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ E-sports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် Dota 2, Valorant, PUBG Mobile, Mobile Legends အပါအဝင် E-sports အမျိုးအစား ၂၅ မျိုးကျော် ထည့်သွင်းကျင်းပနေသည့် အားကစားပြိုင်ပွဲ ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပလျက်ရှိသည့် E-sports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံတကာ E-sports ပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ အသင်း ၂၀၀ ကျော်နှင့် ပရော်ဖက်ရှင်နယ် ကစားသမားပေါင်း ၂၀၀၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

KMKD

## နေပြည်တော်ကောင်စီဝင်များ ဒက္ခိဏသီရိမြို့နယ်အတွင်း နှံကောက်နွေစပါးစံကွက် ရိတ်သိမ်းပွဲနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၇၁ ကွင်းအတွင်းရှိ တောင်သူ ဦးအောင်ဇော်ဦး၏ နှံကောက်နွေစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ လယ်ကွင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးခင်မောင်လတ်၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် တောင်သူ ဦးအောင်ဇော်ဦး၏ နှံကောက်နွေစပါး စံကွက် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက တောင်သူများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နေပြည်တော်အတွင်း စားရေရိက္ခာဖူလုံမှုရှိစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြေပြင်ခြင်းလုပ်ငန်းအား စနစ်တကျဆောင်ရွက်ရန်၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများကို ကိုယ်တိုင်ပြုလုပ် သုံးစွဲစေလိုကြောင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများကို အမှိုက်များပိတ်ဆို့မှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ချိုင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၇၁ ကွင်းရှိ DY2 လက်တံမြောင်းအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် မိုးစပါးစိုက်ပျိုးနေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ **အောင်သူရဦး(ဒက္ခိဏ)**



## နတ်မောက်မြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆောင်ရွက်

**နတ်မောက် ဩဂုတ် ၄**

နတ်မောက်မြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေး ဆောင်ရွက်ခြင်းကို ယမန်နေ့က မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကျင်းပဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးမှူး ဒေါ်ရီရီမြင့်မိုး၏ ဦးဆောင်မှုဖြင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမနှင့် သားဖွားဆရာမများအဖွဲ့က ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် ငါးနှစ်အောက်ကလေးမိခင်များကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအကြောင်း၊ မိခင်နို့တိုက်ကျွေးရာတွင် လိုက်နာရမည့် အလေ့အထ(၁၁)ချက်အကြောင်းနှင့် အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပေါ်တတ်သော ရောဂါများ၊ စသည့်ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတ အကြောင်းဆွေးနွေးဟောပြောသည်။ ထို့နောက် ကျန်းမာရေးဆရာမများက အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များကို ဗီတာမင်(အေ) ဆေးတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **လှဝင်း(ပြန်/ဆက်)**

## ဘုတလင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းဖွင့်

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းဆိုင်ရာ သင်တန်းဖွင့်ပွဲ



အခမ်းအနားကို ဩဂုတ် ၄ ရက်က မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံးဝင်းအတွင်းရှိ မြသလွန်ခန်းမ၌ ကျင်းပသည်။

ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မိမိတို့ခရိုင်အတွင်း မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် အသက် ၁၈ နှစ်ပြည့် လူဦးရေစာရင်းများအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ ပြန်လည်စိစစ်၍ လျာထားမဲရုံများအလိုက် မဲစာရင်းများပြုစုနိုင်ရေး၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များ၊ မဲပေးစက်နှင့်စပ်လျဉ်း၍ သေချာစွာလိုက်နာမှတ်သားပြီး လက်တွေ့အသုံးပြုရာ၌ အခက်အခဲမရှိ အမှားအယွင်းကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



## ဆီဆိုင်မြို့နယ်၌ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းဆောင်ရွက်

**ဆီဆိုင် ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းကို ယနေ့နံနက်က မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးရာတွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမများက အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင် အသားဝါ(ဘီ)- ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် စသည့် ကာကွယ်ဆေးများကို ထိုးနှံပေးခြင်း၊ ဆေးတိုက်ကျွေးပေးခြင်းနှင့် ကလေးကိုယ်အလေးချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ ဆယ်ယူရှင်းလင်း

**ဘိုကလေး ဩဂုတ် ၄**

ဘိုကလေးမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး၊ မြို့တွင်း၌ ရေဆိုးရေညစ်များ ကိန်းဝပ်နေပြီး ခြင်ပေါက်ပွားမှု မရှိစေရေး၊ ခြင်မှတစ်ဆင့် ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်ပွားစေရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဘိုကလေးမြို့ မြို့မ(၃)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းတစ်လျှောက်တွင် ရေမြောင်းတူးဖော်ခြင်း၊ မြောင်းအတွင်းမှ အမှိုက်သရိုက်များ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။



အဆိုပါ လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွန့်က ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ ပူးပေါင်းကူညီ၍ ရေမြောင်းအတွင်း အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ပိတ်ဆို့နေသည်များကို တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်သည့် ရေမြောင်းများ ပတ်ဝန်းကျင်မှ လူနေအိမ်များ၊ ဈေးဆိုင်ပိုင်ရှင်များအား ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည်များ၊ လိုက်နာရမည့် အချက်များ၊ ရှောင်ရှားရမည့် အချက်များကို အသိပညာပေး မှာကြားခဲ့သည်။ **မိုးစက်(ဘိုကလေး)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "စာပေအမွေ"သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်တို့က အမှာစကားပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ထို့နောက် ဉာဏစွမ်းရည်ပြိုင်ပွဲ ခြောက်မျိုးတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်မောင်က လစဉ်ဆောင်ရွက်သွားမည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသ



ထားသော သုတ/ရသစာအုပ်များ နံရံကပ်ဘုတ်များနှင့် ကာယစွမ်းရည်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုကြသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**



# အောင်လံမြို့၌ MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**အောင်လံ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ ကုသိနာရုံဘုရားကွင်း၌ ကျင်းပသည်။

ဦးစွာ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် မုခ်ဦးအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ MSME နေပြည်တော် Association ဥက္ကဋ္ဌ ဦးသူရိန်၊ မကွေးတိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ ဦးဇော်ထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက စုပေါင်းအမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် တာဝန်ရှိသူများက MSME ဒေသထွက်ကုန် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါထွက်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်း

**ရွှေတောင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကြီးကြပ်မှု အောက်ရှိ ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သည့် စက်ချုပ်နည်းပညာ (မွမ်းမံ)သင်တန်းဆင်းပွဲအခမ်းအနားကို ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်၌ ယမန်နေ့က ကျင်းပသည်။



အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ရွှေတောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ ရွှေတောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၁၅ ဦးအား အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ သုံးလွှာစကတ်၊ လေးလွှာစကတ်နှင့် ချိတ်စကတ်ချုပ်နည်း စသည်တို့ကို ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန် ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၁ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပြီး ဇူလိုင် ၁၈ ရက် မှ ဩဂုတ် ၁ ရက်အထိ မွမ်းမံသင်တန်းကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



# မင်းလှမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး

**အထက်မင်းလှ ဩဂုတ် ၄**

မင်းလှမြို့နယ်၌ စည်ပင်သာယာရေးကော်မတီအဖွဲ့က ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲမှုရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေး စစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဇေယျာသီရိဈေး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ဇေယျာသီရိဈေးရှိ ဈေးရောင်းချသူများကို ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူ စသည့် အစားထိုး ထုပ်ပိုးသုံးစွဲစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာပေး နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်း

**ပုသိမ် ဩဂုတ် ၄**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရွှေမြင်တင်ကျေးရွာအုပ်စု သစ်ပုတ်ကုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ သစ်ပုတ်ကုန်းကျေးရွာ၌ အရှည် ၃၅၅ ပေ၊ အကျယ် ၁၂ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **ချိုသန်းညွန့်(ကျေးလက်)**



# ကျောင်းကုန်းမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ဒါးကမြစ်အတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဘာဝဘေးကြုံတွေ့ရသူအား ရှာဖွေကယ်ဆယ်ကာ ရှေးဦးသူနာပြုစုနည်းဖြင့် ကုသပေးပြီး အရေးပေါ်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ခြင်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း အကြိုကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဩဂုတ် ၄**

ပေါက်ခေါင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှည်တစ်မိုင်ကျော်ခန့်ရှိသော ကုန်ထုတ်လမ်းကို ဖောက်လုပ်ရန် ဇူလိုင် ၃၀ ရက်က ကျွဲပေါင်ပင်ကျေးရွာ၌ အကြိုကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၉၄၈၁၀၀၀၀ ဖြင့် ကျွဲပေါင်ပင်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါလုပ်ငန်းများဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူမှုဆောင်ရွက်လျက်ရှိပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက



ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

- ■ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ■ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းပို့ချ

**ရန်ကုန် ဩဂုတ် ၄**

မြောက်ဥက္ကလာပမြို့နယ်၌မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုနည်း အပတ်စဉ် (၇)သင်တန်းကို ယနေ့ နံနက်ပိုင်းက ဆုတောင်းပြည့် မယ်လမုစေတီ သာသနာ့ဗိမာန် သုံးထပ်ဆောင်၌ ဆက်လက်ပို့ချပေးလျက်ရှိသည်။



အဆိုပါမြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းကို သင်တန်းနည်းပြ ဆရာများက အီလက်ထရောနစ် မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ် မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံ၌ မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များ ကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ရန် အခြေအနေ၊ မဲရေတွက်ခြင်း၊ မဲပေးနေစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆန္ဒမဲဖြတ်ပိုင်းများ ရေတွက်ရမည့်အခြေအနေ စသည့် အကြောင်းအရာများကို နည်းပြများက စာတွေ့ လက်တွေ့ စနစ်တကျဆက်လက် သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး

**မိုင်းပျဉ်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုကဲ့သို့ ပုံမှန်ကာကွယ်ဆေးထိုး၊ဆေးတိုက်ပေးရာတွင်မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဆရာမများက မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန် ဝမ်းပျက် ဝမ်းလျှော(ရိုတာ)၊ပိုလီယို၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင် အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် စသည့်ကာကွယ်ဆေးများကို ထိုးနှံပေးခြင်း၊ ဆေးတိုက်ကျွေး ပေးခြင်းနှင့် ကလေးကိုယ်အလေးချိန် တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ

**မြစ်သား ဩဂုတ် ၄**

မြစ်သားမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ကျန်းမာရေး ဆရာမများနှင့် သားဖွားဆရာမများက မြို့ပေါ်(၆)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ယနေ့နံနက်ပိုင်းက စတင်ပြီး လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို အဆိုပါ မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်း၌ ဆောင်ရွက်သည်။



ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးရာတွင် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဂျီ)နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ကျောက်ဆည်ခရိုင်၌ အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြော

**ကျောက်ဆည် ဩဂုတ် ၄**

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ခရိုင်ပြည်သူ့စာကြည့်တိုက်၌ အမှိုက်စနစ်တကျ စွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ ကျင်းပသည်။

အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟက ပလတ်စတစ်သည် မြို့ပြ၏ သန့်ရှင်းသာယာလှပမှု၊ မြေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး



ကို ထိခိုက်သည့် ဆိုးကျိုးများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက "ပတ်ဝန်းကျင် သာယာလှပစေဖို့ ပလတ်စတစ် အမှိုက်ကင်းစင်ရေး ဆောင်ရွက်ကြစို့" ဆောင်ပုဒ်နှင့်အညီ အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောပြီး ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး**

## ပူတာအိုမြို့နယ်၌ ကျေးရွာချင်းဆက်ကြိုးတံတား ရာနှုန်းပြည့်ပြီးစီး

**ပူတာအို ဩဂုတ် ၄**

ပူတာအိုခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပူတာအိုမြို့နယ် ဝါးဆားကျေးရွာနှင့် လုံမူဒမ်း-၂ ကျေးရွာချင်း ဆက်သွယ်ထားသော လမ်းပေါ်ရှိ နမ့်ပလန့်ချောင်းကူးကြိုးတံတား တည်ဆောက်ရေးလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအား ခရိုင်လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်း စစ်ဆေးရေးအဖွဲ့က ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပူတာအိုမြို့နယ် ဝါးဆားကျေးရွာနှင့် လုံမူဒမ်း-၂ ကျေးရွာချင်း ဆက်သွယ်ထားသော လမ်းပေါ်ရှိ နမ့်ပလန့်ချောင်းကူးကြိုးတံတား အရှည်ပေ ၂၀၀၊ အကျယ် ခြောက်ပေ ချောင်းကူးကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်းပေါင်း ၈၉ ဒသမ ၅၂၂ သန်းဖြင့် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ခြင်း ဖြစ်ပြီး အဆိုပါကြိုးတံတားအား ဇွန် ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့သည်။

**ဖုန်ကန်(ပူတာအို)**




## ကျေးသီးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့(အကြို) ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**ကျေးသီး ဩဂုတ် ၄**

အခြေခံပညာကျောင်းသားလူငယ်များ စကားပြောစွမ်းရည် မြင့်မားလာစေရန်၊ လူထုပရိသတ်ရှေ့ ပြောဆိုဆွေးနွေးတတ်စေရန်၊ စာပေဖတ်ရှု၍ ရရှိလာသည့် အသိပညာဗဟုသုတများကို ပြန်လည်မျှဝေတတ်ခြင်း အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (အကြို) ပုံပြင်ပြောပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်စန်းစန်းယဉ်က ပုံပြင်ပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲ၌ အမက(မူလွန်) လုံပုကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းငင်း(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ ညောင်ပင် - သမော်အင်း ကျေးရွာချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၄**

ပွင့်ဖြူမြို့နယ်၌ ညောင်ပင်ကျေးရွာနှင့် သမော်အင်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်အား လမ်းအကျယ် ၁၈ ပေ၊ အမြင့်ဒု ရှစ်လက်မ မြေနီခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီအေးခိုင်၊ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိမိလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညောင်ပင် - သမော်အင်း ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် Website လွှင့်တင်ထားရှိ

**နေပြည်တော် ဩဂုတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်များကိုအခြေခံ၍ ပြည်သူများ အသိပညာမြင့်မားစေရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ပြည်သူ့စာကြည့်တိုက်ပေါင်း ၄၀၀ ကျော်ကိုဖွင့်လှစ်ကာ ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိရာ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများအား ပိုမိုစနစ်ကျစွာဆောင်ရွက်နိုင်ရန်နှင့် စာကြည့်တိုက်အသုံးပြုသူများအား ပိုမိုလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Digital Library Management System (DLMS) ရေးဆွဲ၍ပြည်သူ့စာကြည့်တိုက် Website ကို www.publiclibrary.gov.mm လိပ်စာဖြင့် လွှင့်တင်ထားရှိသည်။



အဆိုပါ DLMS စနစ်ကိုအသုံးပြု၍ Barcode စနစ်ဖြင့် စာကြည့်တိုက်လုပ်ငန်းများဖြစ်သည့် စာစုလုပ်ငန်း၊ စာပြုလုပ်ငန်းနှင့် စာငှားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်အသုံးပြုသူများအနေဖြင့် အဆိုပါ Website မှတစ်ဆင့် Online Public Access Catalogue (OPAC)ဖြင့် ပြည်သူ့စာကြည့်တိုက်များရှိ စာအုပ်စာစောင်များအား Online မှ ဝင်ရောက်ရှာဖွေနိုင်ခြင်း၊ နေ့စဉ်ထုတ်သတင်းစာများအား ဝင်ရောက်ဖတ်ရှုနိုင်ခြင်း၊ e-Resources များဝင်ရောက်ဖတ်ရှုနိုင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

လက်ရှိတွင် ဦးစီးဌာန၏ ပြည်သူ့စာကြည့်တိုက် ၄၀၀ ကျော်အနက် စာကြည့်တိုက်ပေါင်း ၁၅၈ တိုက်တွင် DLMS စနစ်ကို အသုံးပြု၍ ပြည်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြည်သူ့စာကြည့်တိုက်များအားလုံးတွင် DLMS စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်များတွင် လစဉ် သုတ/ရသ စာအုပ်များ၊ အပျော်ဖတ်ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် နေ့စဉ်ထုတ်သတင်းစာများ ဝယ်ယူ ဖြည့်ဆည်းထားရှိပြီး ပြည်သူများ အခမဲ့ဖတ်ရှုနိုင်သည်။

ထို့အတူ ကလေးများ ငယ်စဉ်ကတည်းက စာပေနှင့် နီးစပ်ထိတွေ့မှုရှိစေရန်အတွက် ကလေးစာဖတ်ခန်းများ ဖွင့်လှစ်ပေးခြင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ စသည့် လှုပ်ရှားမှုများ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားကျောင်းသူများနှင့် သုတေသနပြုသူများအတွက် အထောက်အကူဖြစ်စေရန် ရည်ညွှန်းစာဖတ်ခန်း ဖွင့်လှစ်ပေးခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေများနှင့် ထုတ်ပြန်ပြီး နည်းဥပဒေများအား ပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေး သီးခြားထားရှိပေးခြင်း၊ ပြည်သူ့စာကြည့်တိုက်များတွင် ပြည်သူများ သတင်းအချက်အလက်များ လေ့လာနိုင်ရန်အတွက် Wifi အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံမြို့ ယွန်းပညာကောလိပ်၌ အမှိုက်အမျိုးအစားခွဲခြားခြင်းဟောပြောပွဲနှင့် အမှိုက်ပုံးပေးအပ်

**ညောင်ဦး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ယွန်းပညာကောလိပ် အစည်းအဝေးခန်းမ၌ အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ပလတ်စတစ်အစားထိုးအိတ် ၂၀ ပေးအပ်ခြင်းနှင့် အမှိုက်ပုံးလေးပုံးပေးအပ်ခြင်းကို အစီအစဉ်ငါးရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ယွန်းပညာကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က အမှာစကားပြောကြားခြင်း၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းနှင့် ပလတ်စတစ် လျှော့ချသုံးစွဲခြင်းဆိုင်ရာ သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်တင့်တင့်အောင်က ယွန်းပညာကောလိပ်မှ ကျောင်းအုပ်ကြီးထံသို့ အမှိုက်ပုံးလေးပုံးပေးအပ်ခြင်းနှင့် ပလတ်စတစ်အစားထိုးအိတ် ၂၀ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသည့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၆၀ အား "ပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း" အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ယွန်းပညာကောလိပ် ကျောင်းသားကျောင်းသူများက အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြပြုလုပ်ခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူးက အမှတ်တရလက်ဆောင် ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ဒီပါလင်း**

# ဂန့်ဂေါမြို့နယ်၌ မွေးစမှအသက်ငါးနှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ

**ဂန့်ဂေါ ဩဂုတ် ၄**

ဂန့်ဂေါမြို့နယ်၌ ဩဂုတ် ၁ ရက် နံနက်ပိုင်းက မွေးစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးပေးခြင်းများကို ဂန့်ဂေါခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်ပေးလျက်ရှိသည်။

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မွေးစမှ အသက်ငါးနှစ်အောက်ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ကာကွယ်ဆေး (သောက်ဆေး)၊ ပိုလီယိုအကြောသေကာကွယ်ဆေး (သောက်ဆေး)၊ ပိုလီယို အကြောသေကာကွယ်ဆေး(ထိုးဆေး)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး(JE)၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး(PCV)၊ ဝက်သက်ဂျိုက်သိုးကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးနှင့် တီဘီရောဂါ ကာကွယ်ဆေးများကို



ကလေးများ၏ အသက်အရွယ် အလိုက် သတ်မှတ်အကြိမ်အတိုင်း ထိုးနှံ/တိုက်ကျွေးခြင်းဖြစ်သည်။

**မောင်မျိုးမင်း**

# ပြည်သူကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းပျဉ်းမြို့၌ (အငြိမ်းစား)ပင်စင်စားများအား အိမ်တိုင်ရာရောက် UID (Biometric) စာရင်း ဆောင်ရွက်ပေးလျက်ရှိ

**မိုင်းပျဉ်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့၌ (အငြိမ်းစား)ပင်စင်စားများအား အိမ်တိုင်ရာရောက် UID (Biometric) စာရင်းကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မိုင်းပျဉ်းမြို့နယ်ရှိ (အငြိမ်းစား)ပင်စင်စားများအား အိမ်တိုင်ရာရောက် UID ( Biometric ) ကောက်ယူ၍ UID ထုတ်ပေးခြင်းကို၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းပျဉ်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများသည် ယနေ့တွင် UID ကောက်ယူရန်ကျန်ရှိသည့် ပင်စင်စားများတစ်ဦးချင်းစီ၏ အိမ်များသို့သွားရောက်၍ UID ကောက်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



# မောက်မယ်မြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၄**

ဩဂုတ် ၄ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၃ မိနစ်၊ ၄၃ စက္ကန့်အချိန်တွင် တောင်ကြီးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မောက်မယ်မြို့၏ အနောက်-အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၂၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**



## နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် MSME ထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးသည်။

နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ ဇလောင်းကျေးရွာ တောင်သူဦးထွန်းဝေ၏ လယ်မြေ ငါးကေတွင် ပေါ်ဆန်းရင်စပါးမျိုးအား ကြိုးတန်းစနစ်ဖြင့် စိုက်ပျိုးနေမှုအခြေအနေ၊ ဦးရဲလင်းအောင်၏ နို့စားနွားမွေးမြူထားရှိမှုနှင့် ရွှေနံ့သာရပ်ကွက် V4 လမ်းဘေးအနီး ဦးသက်ဖြိုးဇော်၏ ဒေသနွားမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာ ဦးကျော်ကျော်၏ ကျွန်းနက်ဗုဒ္ဓရုပ်ပွားတော်၊ မြန်မာမှု၊ ပန်းပုနှင့် နိမ္မာန်ကုန်လုပ်ငန်းသို့လည်းကောင်း၊ မင်းကုန်းကျေးရွာအုပ်စု တံတားဦးကျေးရွာနေ ဦးနေယံထူး၏ ကျောက်ဆစ်လုပ်ငန်း၊ နိမ္မာန်ကုန်ရောင်းဝယ်ရေး၊ ဘုရားဆင်းတုတော်အမျိုးမျိုးနှင့် ကျောက်ဆစ်ဗိသုကာလုပ်ငန်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ထုတ်ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ MSME လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဇလောင်းကျေးရွာအုပ်စု ငန်းစပ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**

## အာနန္ဒာဘုရားကြီး အမိုးမျက်နှာကြက်ရွှေမိုက်ထုတ်ခြင်း ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ညောင်ဦး ဩဂုတ် ၄**

ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး တောင်ဘက်မုခ် အမိုးမျက်နှာကြက် ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)က ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဘုရားအမှတ် ၁၅၂၄ တို့ကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အာနန္ဒာဘုရားကြီး၏ အနောက်ဘက်နှင့် မြောက်ဘက်အာရုံခံ တန်ဆောင်းဘေးဝဲ၊ယာတို့၌ ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများကို ဘုရားကြီး၏ ပြင်ပ သို့မဟုတ် ဘုရားကြီး၏ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်အာရုံခံ တန်ဆောင်း ဘေးတစ်ဖက်၌သာ ရောင်းချနိုင်ရေးအတွက် နေရာချထားနိုင်ရေးနှင့်စပ်လျဉ်း၍ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ အာနန္ဒာဘုရားကြီး၏ တောင်ဘက်အာရုံခံ တန်ဆောင်းအတွင်းရှိ အမိုးခုံးကို ရွှေမိုက်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေနှင့် အာနန္ဒာဘုရားကြီး တောင်ဘက်အာရုံခံတန်ဆောင်း မျက်နှာကြက်အား သစ်စေးသုတ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဈေးဆိုင်ခန်းများကို စနစ်တကျ နေရာချထားနိုင်ရေးအတွက် လျာထားသည့် ဘုရားကြီး၏ မြောက်ဘက် တံတိုင်းပြင်ပ၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၏ ကြီးကြပ်မှုဖြင့် ၎င်းနေရာအား HIA စစ်ဆေးခဲ့ပြီး စမ်းသပ်တူးဖော်သုတေသနပြုခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

## ညောင်ရွှေမြို့နယ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဟောပြော

**ညောင်ရွှေ ဩဂုတ် ၄**



၂၀၂၅ ခုနှစ် ပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် လူငယ်အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု ရွှေရန်ပြေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က အသိပညာပေးဟောပြောပွဲနှင့် အသိပညာပေးပြပွဲများ ကွင်းဆင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍အနာဂတ်ခေါင်းဆောင်လူငယ်များအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။ **စိုင်းအယ်ဘဲ**

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ကြက်ခြေနီအခြေခံသင်တန်းဖွင့်

**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ကြက်ခြေနီအခြေခံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအာကစားခန်းမတွင်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ စစ်ကိုင်းတိုင်းတာဝန်ခံ ဦးတင်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။ **နေလင်းအောင်(ပြန်/ဆက်)**


## ပြိုင်ဘက်ရှုံးနိမ့်ပြီးနောက် ဝင်ဘယ်ဒန်ချန်ပီယံ အီဂါဆွီယာတက်ခ် ကနေဒါအိုးပင်းပြိုင်ပွဲမှ ထွက်ရ

ဝင်ဘယ်ဒန်ချန်ပီယံ အီဂါဆွီယာတက်ခ်သည် ကနေဒါအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဒိန်းမတ်တင်းနစ်မယ် ကလဲယားတော်ဆန်ကို ၆-၇ (၁-၇)၊ ၃-၆ ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာရပြီဖြစ်သည်။

ဆွီယာတက်ခ်သည် ၆၄ ဦးအဆင့်နှင့် ၃၂ ဦးအဆင့်တွင် ပြိုင်ဘက် တင်းနစ်မယ်များကို အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သော်လည်း ၁၆ ဦးအဆင့်တွင် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်း ဖြစ်သည်။ ပြီးခဲ့သည့်လက ယှဉ်ပြိုင်ကစားခဲ့သည့် ဝင်ဘယ်ဒန်ပြိုင်ပွဲ၌ ခြောက်ကြိမ်မြောက် ဂရင်းဆလမ်းဆုဖလား ဆွတ်ခူးရရှိပြီးနောက် အဆိုပါပြိုင်ပွဲသည် ဆွီယာတက်ခ်၏ ပထမဆုံးယှဉ်ပြိုင်သော ပြိုင်ပွဲလည်း ဖြစ်သည်။

ဆွီယာတက်ခ်သည် အခြားထိပ်တန်းအဆင့် တင်းနစ်မယ်များဖြစ်သည့် ကိုကိုဂေါ့ဖ်၊ ဂျက်ဆီကာ ပဲဂူလာနှင့် အန်ဒရေဗာတို့ပြီးနောက် ပြိုင်ပွဲမှ နောက်ဆုံးထွက်ခွာရသည့် ထိပ်တန်းတင်းနစ်မယ် ဖြစ်လာခဲ့သည်။ ဆွီယာတက်ခ်ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော တော်ဆန်သည် ကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးစ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မက်ဒီဆင်ကီးစ်သည် ၁၆ ဦးအဆင့်တွင် ချက်ဖ်တင်းနစ်မယ် မူချိုဗာကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားကာ ၄-၆၊ ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ကလဲယားတော်ဆန်နှင့်အတူ ကွာတားဖိုင်နယ်သို့ ရှိုင်ဘာကီနာ၊ ကော့စ်တစ်ခ်၊ အမ်ဘိုကို၊ ဘူဇက်စ်၊ စဗစ်တိုလီနာနှင့် အိုဆာကာတို့ တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**



## အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်ဖြစ်သူ ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုသည် ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အပြီးသတ်ကစားသမားများ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးကြည်လွင်၊ နည်းပြ-ယုကီတက်ဆုရို၊ လက်ထောက်နည်းပြများအဖြစ် ဦးစထက်နိုင်ဝင်း၊ ဒေါ်သူဇာထွေး၊ ဂိုးနည်းပြ-ဦးစိန်အေး၊ အားကစားသမားများအဖြစ် ဂိုးသမား-မျိုးမြမြငြိမ်း (သစ္စာအားမာန်)၊ အိစန္ဒာဇော် (ရောဝတီ)၊ ဇူးလတ်နဒီ (အား/ကာသိပ္ပံ)၊ နောက်တန်း-နှင်းပွင့်အေး၊ လင်းလဲ့ဦး၊ သန်းသန်းနွယ် (အား/ကာသိပ္ပံ)၊ ဖြူဖွေး (ရန်ကုန်ယူနိုက်တက်)၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း (ရောဝတီ)၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)၊ အလယ်တန်း-နော်ထက်ထက်ဝေ (ရောဝတီ)၊ ခင်မာလာထွန်း၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-စန်းသော်သော် (ရောဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)၊ မေထက်လူ (LA Pierce College-အမေရိကန်)နှင့် ဝင်းသိင်္ဂီထွန်း (ဆာဘား-မလေးရှား) တို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲဝင်ရန် ဩဂုတ် ၄ ရက်က ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

**မောင်ညီ၊ ဓာတ်ပုံ-MFF**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ် အမှတ် 8M–363 /SF – 7251 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်းပွန်တံတားပူးပေါင်းလုံခြုံရေးဂိတ်၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ပစ္စည်း ခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၃၇၄၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Van Box Truck တစ်စီး၊Toyota Probox တစ်စီး၊ Scania Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၃၃၇၄၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery အလုံး ၁၂၀ အပါအဝင် ဆက်စပ်ပစ္စည်း ၃၆ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၇၅၈၇၄၈၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် ဂျိုးဖြူလမ်းတွင် စောင့်ဆိုင်းနေစဉ် ဂျိုးဖြူလမ်းရှိ ကားဂိတ်မှ ပါဆယ်ပစ္စည်းထုတ်ယူပြီး ထွက်လာသူ အောင်သူရဟိဏ်းကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး (Happy Water) ၂ ဒသမ ၀၀၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇၀၃ ဒသမ ၁၅ သိန်း)နှင့် ကတ်တမင်း ၀ ဒသမ ၀၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ်သိန်း ၂၀ ) ကိုလည်းကောင်း။

ထိုနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သတင်းအရ ရွှေပြည်သာမြို့နယ်(၁)ရပ်ကွက် စိုက်ခင်းပတ်လမ်းရှိ မကြည်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀ (တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၅ သိန်း)နှင့် မြန်မာငွေကျပ် သုံးသိန်းတို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေး ပေါ်ပေါက်ချက်အရ မွန်းလွဲ ၃ နာရီခွဲတွင် အင်းစိန်မြို့နယ် ကမ်းနား(အနောက်ရပ်ကွက်) နေသိဒ္ဓိလမ်းပေါ်တွင် ကောင်းဆက်မော်(ခ) ပြောင်ကြီးကို စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀) ကိုလည်းကောင်း ဆက်လက်ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား



တရားခံ မကြည်မြင့်နှင့် ကောင်းဆက်မော်(ခ) ပြောင်ကြီးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

**အိမ်ပြင်ပဓ္ဓထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မြန်မာနိုင်ငံစာရင်းကောင်စီ
## ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ် ၄၅
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ် ၄၅ ကို မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်)တို့၌ ၆-၁၁-၂၀၂၅ ရက်မှစ၍ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း(တစ်နှစ်) နှင့် ဒုတိယပိုင်း(တစ်နှစ်)ဖြစ်ပါသည်။

၂။ သင်တန်းသို့ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ကောင်စီကကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်)တွင် တက်ရောက်ရမည့် သင်တန်းချိန်မှာ ပထမပိုင်းသင်တန်းအတွက် ရုံးဖွင့်ရက်များနှင့် စနေနေ့တွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိ၊ ဒုတိယပိုင်းသင်တန်းအတွက် ရုံးဖွင့်ရက်များတွင် နံနက် ၇:၀၀နာရီမှ ၈: ၅၀နာရီအထိ ၊ စနေနေ့များတွင် နံနက် ၇:၀၀နာရီမှ ၁၀:၅၀နာရီအထိ ဖြစ်ပါသည်။

၄။ အဆိုပါသင်တန်းကို တက်ရောက်မည့် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့်အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ် သင်တန်းကျောင်း(နေပြည်တော်/ရန်ကုန်) သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် စုစုပေါင်း သင်တန်းတက်ရောက်ချိန် ၆၀% ပြည့်မီအောင် တက်ရောက်သင်ကြားရ မည်ဖြစ်ပါသည်။ သင်တန်း တက်ရောက်ပြီး ၆၀% မပြည့်မီသည့် သင်တန်းသားများသည် နောင်ပညာသင်နှစ်တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်) သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် စုစုပေါင်း သင်တန်းတက်ရောက်ချိန် ၆၀% ပြည့်မီအောင် ပြန်လည်တက်ရောက်ရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားအဖြစ် မပျက်မကွက် ပြန်လည်မှတ်ပုံတင်ရမည်။ တစ်ကြိမ်တည်းဖြင့် စာမေးပွဲအောင်မြင်ခြင်းမရှိလျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်ပြီး ၆၀% ပြည့်မီသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဖြေဆိုခဲ့ခြင်းမရှိလျှင်ဖြစ်စေ နောင်ပညာသင်နှစ်တွင် ကိုယ်တိုင်လေ့လာဖြေဆိုမည့် သင်တန်းသားအဖြစ် ပြန်လည်မှတ်ပုံတင်နိုင်သည်။

၅။ စာမေးပွဲကို Module အလိုက် ဖြေဆိုခွင့်ပြုခြင်းအား ၂၉-၉-၂၀၂၀ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၂၀ဖြင့် ထုတ်ပြန်ထားပါသည်။

၆။ သင်တန်းတက်ရောက်လိုသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း(ရန်ကုန်)အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၅-၈-၂၀၂၅ရက်မှ ၂၅-၈-၂၀၂၅ရက် အတွင်း ရုံးဖွင့်ရက်များ၌ နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီ အတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁၀၀၀ ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲလျှောက်လွှာတင်သွင်းပြီး ကိုယ်တိုင် Online ဖြင့် https://registration. oagmac.gov.mm/register/ သို့ ဝင်ရောက်လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)
(ခ) အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)
(ဂ) တစ်လအတွင်း ရိုက်ကူးထားသည့် ၁"x၁" အရွယ် လိုင်စင်ဓာတ်ပုံ ၂ ပုံ
(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) နှင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်းများတွင် တက်ရောက်မည့်သူ များသာ)

၇။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ (အမည်၊ ဖခင်အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်)များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဖော်ပြချက်များနှင့် ကိုက်ညီရမည်။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ် မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်မူရင်းကို မပျက်မကွက် တင်ပြရမည်။လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ တက်ရောက်ခွင့်ရသူများ၏ စာရင်းကို ၅-၉-၂၀၂၅ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့ရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website:www.oagmac.gov.mmတို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်း၊ ၀၁-၂၃၀၂၆၅၉၊ ၀၉-၆၇၃၆၇၂၅၂၅၊ ၀၉-၆၈၉၉၃၈၉၁၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## ရှမ်းပြည်နယ်တရားလွှတ်တော်
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ တောင်ကြီးမြို့မှ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ရှမ်းပြည်နယ်တရားလွှတ်တော်အောက်ရှိ ဆီဆိုင်မြို့နယ်တရားရုံး တည်ဆောက်ခြင်းနှင့် ဆီဆိုင်မြို့နယ်တရားရုံး အရာရှိအိမ်ရာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားကုမ္ပဏီ လုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) **ဆောင်ရွက်မည့်လုပ်ငန်း-** Lot (No-1) - ဆီဆိုင်မြို့နယ်တရားရုံး အဆောက်အအုံ(၁)လုံး (၆၀ပေx၃၆ပေ)၊RC(၂)ထပ် နှင့် ဆက်စပ်လုပ်ငန်းများ
Lot (No-2) - ဆီဆိုင်မြို့နယ်တရားရုံး၊ အရာရှိအိမ်ရာ အဆောက်အအုံ (၁)လုံး (၆၀ပေX၂၀ပေ) RC(၂)ထပ်ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ

(ခ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၂ -၈- ၂၀၂၅ ရက် (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၁ - ၉ - ၂၀၂၅ ရက် ( ၁၆:၀၀)နာရီ
(ဃ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့် နေရာ** - ရှမ်းပြည်နယ်တရားလွှတ်တော် တောင်ကြီးမြို့
(င) **တင်ဒါဖွင့်မည့်ရက်** - ၂၆ - ၉ - ၂၀၂၅ ရက်

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်နှင့်အညီ ပြန်လည်တင်သွင်း ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်တရားရေးဦးစီးမှူးရုံး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁- ၂၀၂၀၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** တင်ဒါဖွင့်လှစ်မည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံကြော်ငြာသွားမည် ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့နယ်၊ ပျော်ဘွယ်ရပ်ကွက်နေ မနန်းထက်ထက်လူ ၁/ မညန(နိုင်) ၁၈၂၈၈၇၏ ဖခင်မှာ ဦးစိုင်းဖြူ (ခ) ဦးမောင်ဖြူ ၁/မညန(နိုင်)၁၀၉၈၃၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ ရိုးကြီးအုပ်စု၊ နတ်ဝင်ကုန်းရွာနေ ဦးသောင်းအေး၏သမီး ပြည့်ဝဇူလိုင်(ခ) ပြည့်ဝဇူလှိုင် ၁၄/ဟသတ(နိုင်) ၃၆၂၆၉၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ပြည့်ဝဇူလိုင်(ခ)ပြည့်ဝဇူလှိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

